

# မြို့ပြဘေးကင်းလုံခြုံရေးဆိုင်ရာ
# **အကျဉ်းချုပ်စာတမ်း**

Jayde Roberts

The Asia Foundation
Improving Lives, Expanding Opportunities

# မြန်မာနိုင်ငံ၏ မြို့ပြဘေးကင်းလုံခြုံရေးဆိုင်ရာ အကျဉ်းချုပ်စာတမ်း

**Jayde Roberts**

# မာတိကာ


**နိဒါန်း .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. ၅**

**မြို့ပြဘေးကင်းလုံခြုံရေးဟူသည် အဘယ်နည်း .. .. .. .. .. .. .. .. .. .. .. ၆**

မြို့ပြဘေးကင်းလုံခြုံရေးကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း.. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. ၆

မြို့ပြဘေးကင်းလုံခြုံရေး စံနှုန်းများ .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. ၇

ထိရောက်သော မြို့ပြဘေးကင်းလုံခြုံရေးအတွက် စည်းမျဉ်းများ .. .. .. .. .. .. .. .. .. .. .. .. .. ၇

**မြန်မာနိုင်ငံ၏ မြို့ပြဘေးကင်းလုံခြုံရေး .. .. .. .. .. .. .. .. .. .. .. .. .. ၁၁**

မြို့ပြဖြစ်ထွန်းလာမှုဖြစ်စဉ်(Urbanization). .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. ၁၁

လက်ရှိမြို့ပြလုံခြုံရေးစိန်ခေါ်မှုပြဿနာများ .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. ၁၁

**မြို့ပြဘေးကင်းလုံခြုံရေးအတွက် တာဝန်ရှိသော အစိုးရရုံးဌာနများ .. .. .. .. .. ၁၄**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန . .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. ၁၅

စည်ပင်သာယာရေးအဖွဲ့များ .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. ၁၅

မြန်မာနိုင်ငံရဲတပ်ဖွဲ့ . .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. ၁၇

အထောက်အကူပေးရေးဌာနများ. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. ၁၈

ရုံးဌာနများအကြား ပူးပေါင်းလုပ်ဆောင်ခြင်း .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. ၁၉

**မြို့ပြဘေးကင်းလုံခြုံရေးကိုအားကောင်းစေရန် မူဝါဒရေးရာအခွင့်အလမ်းများ .. .. ၂၁**

ရုံးဌာနများအကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် ကော်မတီများကို အဆင့်မြှင့်တင်ခြင်း .. .. .. .. .. .. ၂၁

အစိုးရအဖွဲ့နှင့် လူမှုအသိုင်းအဝိုင်းကြား အပြန်အလှန်ထိတွေ့ဆက်ဆံမှု .. .. .. .. .. .. .. .. .. .. ၂၁

လူမှုအသိုင်းအဝိုင်း အဖွဲ့အစည်းများ .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. ၂၂

အထောက်အထားအခြေပြုစနစ်ကို ဖွံ့ဖြိုးစေခြင်း . .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. ၂၂

**နိုင်ငံတကာအတွေ့အကြုံမှ သင်ခန်းစာများ .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. ၂၃**

**နိဂုံး. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. ၂၆**

# နိဒါန်း

ဝေးလံခေါင်သီသော ကျေးလက်ဒေသရှိလူများမှ မြို့ပြပတ်ဝန်းကျင်များသို့ ပြောင်းရွှေ့လာပြီး၊ ၎င်းဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာသော အဆိုပါပတ်ဝန်းကျင်တစ်ဝိုက်ရှိ ပြောင်းလဲမှုများကို **မြို့ပြဖြစ်ထွန်းလာခြင်း** (Urbanization) ဟုခေါ်သည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့် လျင်မြန်သော မြို့ပြဖြစ်ထွန်းလာခြင်းများသည် မြန်မာနိုင်ငံကို ပမာဏကြီးမားစွာ အသွင်ပြောင်းလဲစေသောကြောင့် နိုင်ငံ၏တိုးတက်လာသော မြို့ပြ လူဦးရေနှင့် ၎င်းတို့၏ လုံခြုံရေးနှင့် လုံခြုံရေးအသိကို အဆင့်မြှင့်ရန်၊ အစိုးရရုံးဌာနများ အချင်းချင်းကြားနှင့် အစိုးရနှင့် လူထုကြားတွင် လက်တွေ့ပူးပေါင်းလုပ်ဆောင်ရန် အခွင့်အရေးသစ်များ ပေါ်ထွက်လာပြီဖြစ်သည်။ ထိုသို့သော ပူးပေါင်းလုပ်ဆောင်မှုများကို အသိပေးရန် ပြုလုပ်ရာတွင် ဤမူဝါဒ စာတမ်းငယ်မှ မြို့ပြလုံခြုံရေးအယူအဆသဘောထားကို ရှင်းပြပေးပြီး မြန်မာနိုင်ငံရှိ မြို့များအတွင်းတွင် မြို့ပြလုံခြုံရေးသည် မည်သို့အဓိပ္ပာယ်သက်ရောက်သည်ကို ဥပမာများဖော်ပြပေးကာ၊ မြို့ပြလုံခြုံရေး ရရှိနိုင်ရန်တာဝန်ရှိသည့် အဓိက အစိုးရဌာနများကို ဖော်ထုတ်ပြထားသည်။ ဤစာတမ်းတွင် မြို့ပြလုံခြုံရေးကို အဆင့်မြှင့်တင်ရာတွင် နိုင်ငံတကာအတွေ့အကြုံများကို စုစည်းတင်ပြထားပြီး မြန်မာအစိုးရတာဝန်ရှိသူများမှ လုပ်ဆောင်နိုင်မည့် မူဝါဒအခွင့်အလမ်းများကိုလည်း ဖော်ပြထားသည်။

တစ်ကမ္ဘာလုံးတွင် မြို့ပြဖြစ်ထွန်းလာမှုပုံစံတစ်ခု ဖြစ်ပေါ်လျက်ရှိသည်။ ၂၀၃၀ ပြည့်နှစ်တွင် မြို့ပြဖြစ်ထွန်းလာမှု၏ ၉၆% သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖြစ်ပေါ်လိမ့်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင်မူ ရန်ကုန်၏ လျှင်မြန်ပြီးကြိုတင်ပြင်ဆင်စီမံထားမှု နည်းပါးပြီး ဆိုးရွားသော မြို့ပြဖြစ်ထွန်းလာမှုသည် မြို့တော်၏ ပုံရိပ်ကို ပမာဏကြီးမားစွာ ပြောင်းလဲစေခဲ့ပြီး နိုင်ငံအတွင်းရှိ အခြားမြို့တော်များသည် တိုးတက်လာသော လူဦးရေနှင့် ဝန်ဆောင်မှုလိုအပ်ချက်များနှင့်လိုက်၍ ချိန်ညှိနေရသည်။ ဤသို့လူဦး ရေထူထပ်စွာနေထိုင်ခြင်းဆီသို့ အရွေ့သည်မြို့များတွင် နေထိုင်နိုင်ခြင်းအပေါ် အနည်းနှင့်အများ သက်ရောက်မှုရှိသည့် ကိစ္စရပ်အများအပြားကို ဖြစ်ပေါ်စေပြီး ၎င်းသည် မြို့ပြလူထုများ၏ ကျန်းမာရေးနှင့် ပျော်ရွှင်မှုကို တိုးတက် (သို့) ဆုတ်ယုတ်စေနိုင်သည်။

ဤမြို့ပြဖြစ်ထွန်းလာမှုကြောင့် လူတန်းစားအလွှာကွဲပြားပြီး၊ လုံခြုံမှုမရှိသည့် စီမံခန့်ခွဲမှုညံ့သော မြို့များဖြစ်ပေါ်လာနိုင်ပြီး မြို့ပြ စီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်စေရန် များပြားရှုပ်ထွေးသည့် စိန်ခေါ်မှုပြဿနာများနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ မြို့များကို သဘာဝ ပတ်ဝန်းကျင် အရရော၊ လူမှုဘဝအရပါ ကြာရှည်တည်တံ့စေရန် စီမံခန့်ခွဲနိုင်ရန်အတွက် ပထမဦးဆုံးခြေလှမ်းမှာ မြန်မာနိုင်ငံတွင် မြို့ပြသို့ ပြောင်းရွှေ့မှု မည်သို့ဖြစ်ပေါ်နေသည်ကို နားလည်ရန်လိုအပ်သည်။ လုံခြုံစိတ်ချရသည်ဟူသော ခံစားမှုအသိနှင့် လုံခြုံရေးသည် လူတစ်ဦးစီအတွက် အဓိကအကြောင်းအရာဖြစ်သည်။

လူထုအားလုံး၏ လုံခြုံစိတ်ချရသည်ဟူသောအသိနှင့် မလုံခြုံဟု ခံစားရသည်များမှ မြို့ပြရှိလမ်းများတွင် ရုပ်ပိုင်းဆိုင်ရာ သက်ရောက်မှုများ ဖြစ်စေသည်။ အပြန်အလှန်အားဖြင့် လူများအတွက် လမ်း၊ အိမ်နီးချင်း(သို့)မြို့တစ်ခုလုံးသည် လုံခြုံစိတ်ချရသည် (သို့)လုံခြုံမှု မရှိဟူသော ခံစားချက်ကို မြို့ပြနေရာများ၏ သွင်ပြင်လက္ခဏာများမှ ဖြစ်ပေါ်စေသည်။

### သုတေသနပြုနည်းလမ်းအပေါ် မှတ်ချက်

မြန်မာမြို့ပြလုံခြုံရေးရုံးဌာနများ၏ စိန်ခေါ်မှုများ၊ အခက်အခဲများနှင့် အခွင့်အလမ်းများဆိုင်ရာ တွေ့ရှိချက်များ ရရှိစေမည့် လက်တွေ့ကွင်းဆင်းလုပ်ငန်းများကို ရန်ကုန်ရှိ လှိုင်သာယာနှင့် မြောက်ဒဂုံမြို့နယ်များ၊ တောင်ကြီးနှင့် ဘားအံမြို့တို့ရှိ မြို့ထဲရပ်ကွက်များတွင် လုပ်ဆောင်ထားပါသည်။ သုတေသနတွင် အစိုးရဝန်ထမ်းများနှင့် ပြည်သူများကို အရည်အသွေးစံထား အချက်အလက်ရရှိမည့် အဓိကသတင်းပေးအင်တာဗျူးနည်းလမ်းဖြင့် မေးမြန်းထားမှုများပါဝင်ပါသည်။

နိုင်ငံတကာနှင့် ပြည်တွင်းမှ အမျိုးသား၊ အမျိုးသမီးများ ပါဝင်သည့် သုတေသနအဖွဲ့နှစ်ဖွဲ့မှ သတင်းအချက်အလက် စုဆောင်းခြင်းကို ဖွန်နှင့် ဇူလိုင် ၂၀၁၇တွင် ပြုလုပ်သည်။ အစိုးရဝန်ထမ်း၊ နိုင်ငံရေးသမားများ၊ CSO များ၊ မီဒီယာသမားများ၊ စီးပွားရေးသမားများနှင့် အသိုင်းအဝိုင်းအတွင်းရှိ လူများအားလုံးပေါင်း ၁၄၄ ယောက်ကို အထူးပြုအုပ်စုလိုက်ဆွေးနွေးပွဲခြောက်ခု အပါအဝင်၊ အရည်အသွေးဆိုင်ရာ ထည့်သွင်းတွက်ချက်သော တစိတ်တပိုင်း တည်ဆောက်ထားသည့် အင်တာဗျူး ၁၁၂ ခုကို ပြုလုပ်ခဲ့သည်။ မြို့ပြလုံခြုံရေးစီမံကိန်းအတွက် အဓိကအာရုံစိုက်အထူးပြုသည့် ခေါင်းစဉ်သုံးခုအပေါ် မူတည်၍ အချက်အလက်ခွဲခြမ်းစိတ်ဖြာမှု ပြုလုပ်ခဲ့ပါသည်။ အဆိုပါ ခေါင်းစဉ်သုံးခုမှာ-ရုံးဌာနများ အကြားပူး ပေါင်းဆောင်ရွက်မှု၊ စုပေါင်းပြဿနာဖြေရှင်းမှုနှင့် လုံခြုံရေးကဏ္ဍ၊ အသိုင်းအဝိုင်းအတွင်း ဆက်ဆံခြင်းများတို့ ဖြစ်သည်။

အချက်အလက်အတည်ပြုသည့် လုပ်ငန်းစဉ်တွင် ပြည်နယ်နှင့် တိုင်းဝန်ကြီးအဖွဲ့များနှင့် ဝန်ကြီးချုပ်များထံ ရှာဖွေတွေ့ရှိချက်များ ပေးအပ်ပြီးနောက်တွင် မြို့ပြစီမံခန့်ခွဲရေးကော်မတီများနှင့် ဆွေးနွေးခြင်းတို့ ပါဝင်သည်။

# မြို့ပြဘေးကင်းလုံခြုံရေးဟူသည် အဘယ်နည်း

## မြို့ပြဘေးကင်းလုံခြုံရေးကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း

မြို့ပြဘေးကင်းလုံခြုံရေးဆိုသည်မှာ ခန္ဓာကိုယ်ထိခိုက်မှု (သို့) ခြိမ်းခြောက်ခံရမှုမရှိဘဲ မြို့တစ်ခုတွင် နေထိုင်သူများမှ မြို့ပြဘဝထဲတွင် နေထိုင်၊ လုပ်ကိုင်နိုင်သည့် အတိုင်းအတာကို ရည်ညွှန်းသည်။[၁] ၎င်းကို အောက်ပါအချက်အလက်များနှင့် ဆက်စပ်နေသည့် အစဉ်အမြဲ ပြောင်းလဲနေပြီး ဆက်နွယ်မှုရှိသည့် ရှုပ်ထွေးသည့် ပြဿနာများအဖြစ် ရှုမြင်နိုင်သည်။

- ရုပ်ပိုင်းဆိုင်ရာတည်ထောက်လုပ်ပြီးသော ပတ်ဝန်းကျင်
- လူမှုစီးပွားရေးဆိုင်ရာ လုပ်ဆောင်ချက်များ
- စနစ်များ (အစိုးရ၊ ဝန်ဆောင်မှု ထောက်ပံ့ပေးအပ်ခြင်း ပတ်ဝန်းကျင်ဆိုင်ရာ)

မြို့ပြဘေးကင်းလုံခြုံရေးကို အဆင့်မြှင့်ရန် ကြိုးပမ်းရာတွင် လူဦးရေအားလုံး၏ လိုအပ်ချက်များကိုလည်းကောင်း၊ အမျိုးသမီးများ၊ ကလေးများနှင့် သာမန်မဟုတ်သည့် လူများကဲ့သို့သော လူဦးရေတွင်းရှိ မတူသည့် အုပ်စုများမှ အမျိုးမျိုးသော ထိခိုက်နိုင်ခြေများကို မည်သို့ ရင်ဆိုင် ရသည်ကိုလည်းကောင်း ထည့်သွင်းစဉ်းစားရမည်။ အဆိုပါထိခိုက်နိုင်ခြေရှိသည့် အုပ်စုများကို ၎င်းတို့ဘဝများကို တိုက်ရိုက်သက်ရောက် သည့် ဆုံးဖြတ်ချက်ပြုလုပ်မှုပုံစံများနှင့် စီမံကိန်းလုပ်ငန်းစဉ်များပြုလုပ်ရာတွင် ထည့်မစဉ်းစားဘဲ ချန်ထားလေ့ရှိသည်။ တစ်ချိန်တည်းမှာပင် မြို့စွန်ဆင်ခြေဖုံးအကျဆုံးနေရာများတွင် နေထိုင်သူများသည် ဆင်းရဲသားအများစုဖြစ်ကြပြီး များသောအားဖြင့် မြို့ပြနေရာများတွင် နေထိုင်သည့် ရွှေ့ပြောင်းအခြေချလုပ်သားများဖြစ်ကာ ၎င်းတို့အသံနှင့် ဆန္ဒများ၊ ကိစ္စရပ်များကို မူဝါဒချမှတ်သူများ သိရှိရန် မစွမ်းဆောင် နိုင်ကြပေ။ မြို့ပြလုံခြုံရေး မြှင့်တင်သည့်လုပ်ငန်းများသည် ထိခိုက်နိုင်ခြေ ရှိသူများနှင့် အစွန်ဘက်အကျဆုံးတွင် နေထိုင်သူများ၏ လိုအပ် ချက်ကိုလည်း ထည့်သွင်းစဉ်းစားရန် ကြိုးပမ်းရမည်ဖြစ်သည်။

---

[၁] New Urban Agenda. ကုလသမဂ္ဂ (၂၀၁၆)၊
http://habitat3.org/wp-content/uploads/N1639668-English.pdf တွင်ရှု။

## မြို့ပြဘေးကင်းလုံခြုံရေးစံနှုန်းများ

မြို့တစ်မြို့လုံခြုံမှုရှိစေရန် အုပ်ချုပ်မှုနှင့် လုံခြုံရေးဆောင်ရွက်သူများမှ အနိမ့်ဆုံးအနေဖြင့် အဓိကလိုအပ်ချက်လေးခုကို ဖြည့်ဆည်းပေးသင့်သည်။

- စိမ်းလန်းသောနေရာများနှင့် မြို့ပြလူထုနေရာများ တည်ဆောက်ခြင်းအားလုံးအတွက် လုံခြုံစိတ်ချရသည့် ပို့ဆောင်ရေးများ ထောက်ပံ့ပေးထားခြင်း၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ဝန်ဆောင်မှုများနှင့် အထောက်အကူပစ္စည်းများ ပေးအပ်ခြင်း၊ ညစ်ညမ်းသောရေ၊ လေနှင့် မြေဆီလွှာ မှ ဖြစ်ပေါ်သော ကျန်းမာရေးပြဿနာများကို ကာကွယ်ခြင်းတို့ကဲ့သို့ မြို့နေလူထု၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး တိုးတက်စေရန် အခြေအနေများ ဖန်တီးခြင်း။
- မီးဘေး၊ ရေဘေးနှင့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ထားပြီးတုံ့ပြန်ဆောင်ရွက်ခြင်း။
- ရာဇဝတ်မှုများကို တားဆီးပြီးတုံ့ပြန်ဆောင်ရွက်ကာ မြို့နေလူထု၏ စိုးရိမ်ပူပန်မှုနှင့် လိုအပ်ချက်များကိုဖြေရှင်းပေးခြင်းဖြင့် လုံခြုံမှုမရှိ ဟုခံစားနေရမှုများကိုလျှော့ချပေးခြင်း။
- မြို့အတွင်းတွင် နေရာခွဲခြားထားမှုများကိုလျှော့ချကာ၊ မြို့နေလူထုများအကြားယုံကြည်စိတ်ချရမှုနှင့် အသိုင်းအဝိုင်းစိတ်ဓာတ်များ ဖြစ်ပေါ်စေပြီး လူမှုရေးစည်းလုံးမှုနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်မှုကို အားပေးခြင်း

ကမ္ဘာတဝန်းရှိ မြို့များတွင် ကြုံတွေ့ရသော (၎င်းတို့သာမဟုတ်ပဲ) တူညီသည့် မြို့ပြလုံခြုံရေး ပြဿနာအချို့မှာအောက်ပါအတိုင်းဖြစ်သည်။

- လမ်းမီးများ၊ ဘေးလျှောက်လမ်းများမရှိသော၊ ဘေးလျှောက်လမ်းများတွင် အပေါက်များရှိပြီးဓာတ်ကြိုးများပြုတ်ကျနေသော လုံခြုံမှုမရှိသည့် လမ်းများ။
- လမ်းစည်းကမ်းများမလိုက်နာခြင်း၊ ကောင်းမွန်သင့်တော်စွာပုံစံထုတ်၊ တည်ဆောက် (သို့) စောင့်ကြည့်စစ်ဆေးမှု မရှိသောလမ်းများ၊ စုတ်ပြတ်နေသောဘတ်စ်ကားများ၊ အကန့်အသတ်ရှိပြီးမြို့နေလူထုကိုလုံခြုံစိတ်ချရမှုမရှိသောလမ်းများအပေါ် ဆင်းလျှောက်စေသော ဘတ်စ်ကားကွန်ယက်နှင့် လုံခြုံစိတ်ချရမှုမရှိသည့် ပို့ဆောင်ဆက်သွယ်ရေး။
- အမှိုက်များ၊ ကြွက်များ၊ ခြင်များ၊ လမ်းဘေးခွေးများနှင့် အခြားကျန်းမာရေး အန္တရာယ်များရှိသည့် ကျန်းမာရေးနှင့် မညီညွတ်သော မြို့ပြပတ်ဝန်းကျင်များ။
- ခိုးမှု၊ လုယက်မှုနှင့် မူးယစ်ဆေးဝါးနှင့် ဆက်စပ်သည့်ပြဿနာများကဲ့သို့သော ရာဇဝတ်မှုများ။

နိုင်ငံတကာအတွေ့အကြုံများအရမလုံလောက်သော မြို့ပြစီမံကိန်းများ၊ ဒေသတွင်းအုပ်ချုပ်မှုများ၊ လူမှုရေးနှင့် နယ်ပယ်များတွင် ဖယ်ထုတ်ထားခဲ့ခြင်းများသည် ရာဇဝတ်နှင့် အကြမ်းဖက်မှုများကို ကျူးလွန်ရန်အားပေးသည့် အခြေအနေများဖြစ်ပေါ်စေကြောင်းသိရှိရသည်။ အလားတူပင်၊ မျှတမှုမရှိဟုထင်မြင်ချက်များ၊ မရှင်းလင်းသောဥပဒေများ၊ လူမှုရေးဆိုင်ရာဖယ်ထုတ်ထားမှုများနှင့် အသိုင်းအဝိုင်းမှ ကူညီထောက်ပံ့မှုမရှိခြင်းတို့သည်လည်း မြို့ပြလုံခြုံရေးအခြေအနေကိုပိုမိုဆိုးရွားစေသည်။ ဆင်းရဲမွဲတေမှုချည်းသက်သက်သည် ရာဇဝတ်မှု ကျူးလွန်ရသည့် အကြောင်းရင်းမဟုတ်သော်လည်း၊ ၎င်းသည် မြို့ပြလုံခြုံရေးအခြေအနေနိမ့်ကျနေချိန်တွင် အထက်ပါ အချက်များနှင့် ယှဉ်တွဲတွေ့ရသည့် အကြောင်းအချက်တစ်ခုဖြစ်သည်။

တစ်ချိန်တည်းမှာပင် တစ်နိုင်ငံလုံး (သို့) နိုင်ငံအနီးတဝိုက်ရှိ ဒေသတစ်ခုတွင် ကြာရှည်သောအပြင်းစားအကြမ်းဖက်မှုများရှိသော နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ခန့်မှန်းခြေအားဖြင့် ၂၀% ပတ်ဝန်းကျင်ခန့် နောက်ကျပြီးဆယ်စုနှစ်တစ်ခုစာစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လည်းဆုံးရှုံးရသည်။[၂] ထို့ကြောင့် မြန်မာ့မြို့ပြနေရာများမှ ၎င်းတို့၏ စီးပွားရေးတိုးတက်နိုင်ခြေများနှင့်အညီမှန်ကန်စွာတိုးတက်နိုင်ရန် ၎င်းမြို့များတွင် မြို့ပြလုံခြုံမှုရှိရမည်ဖြစ်သည်။

## ထိရောက်သော မြို့ပြလုံခြုံရေးအတွက် စည်းမျဉ်းများ

မြို့ပြလုံခြုံရေးပြဿနာများကိုရေရှည်ဖြေရှင်းရာတွင် စနစ်များကိုခွဲခြမ်းစိတ်ဖြာထားမှုအပေါ် အခြေခံထားသော၊ဆက်စပ်ပက်သက်နေသည့် ပြဿနာအားလုံးကို လျှင်မြန်စွာဖြေရှင်းနိုင်သည့် အဖြေများလိုအပ်သည်။ ဤတွင် အစိုးရများနှင့် မြူနီစပယ်ရုံးဌာနများမှ ပြဿနာများ၏ အကြောင်းရင်းဇစ်မြစ်နှင့် ၎င်းတို့ကြားပက်သက်ဆက်နွယ်နေမှုများကို အလေးပေးအာရုံစိုက်ကာ မည်သို့အကောင်းဆုံးဖြေရှင်းနိုင်မည်ကို

---

[၂] ကမ္ဘာ့ဘဏ်၏ ဖွံ့ဖြိုးတိုးတက်မှုအစီရင်ခံစာ ၂၀၁၁၊ xii

အဖြေရှာရမည်ဖြစ်သည်။ လူတစ်ဦးချင်း၏ပြဿနာများကို ဖြေရှင်းခြင်းသည် ထိရောက်မှုမရှိသောအပေါ်ယံချဉ်းကပ်မှုများဆီ ဦးတည်စေနိုင်ပြီး ရေရှည်တွင် စရိတ်စကပိုမိုကုန်ကျနိုင်သည်။
ထိရောက်မှုရှိစေရန်မှာ ယခုလုပ်ဆောင်နေဆဲ စောင့်ကြည့်အရေးယူခြင်းများနှင့် ဆုံးဖြတ်ချက်များကို ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်သည်။

အသိုင်းအဝိုင်းများ၊ မြူနီစပယ်ရုံးဌာနများနှင့် အစိုးရအကြားပူးပေါင်းဆောင်ရွက်ပြီးဒေသတွင်းလိုအပ်ချက် အသေးစိတ်အပေါ် တုံ့ပြန်ဆောင်ရွက်နိုင်ပြီး လိုက်လျောညီထွေပြုနိုင်မှသာလျှင် ထိရောက်သော မြို့ပြလုံခြုံရေးမဟာဗျူဟာတစ်ခုဖြစ်ပေမည်။ ဆိုးရွားသောလုံခြုံရေးစံနှုန်းများဆက်ဖြစ်စေမည့် ၊အကြမ်းဖက်မှုများနှင့် အခြားအချက်များအတွက် မောင်းနှင်အားဖြစ်စေနိုင်သည့်၊ မညီမျှမှုများမှ မြစ်ဖျားခံသည့် လူမှုရေးပြဿနာများကိုပိုမဆိုးစေပဲဖွံ့ဖြိုးတိုးတက်မှုဖြစ်စေမည့် ဆုံးဖြတ်နိုင်စွမ်းနှင့် အလုံးစုံလွှမ်းခြုံပါဝင်သော လုံလောက်စွာစီမံပြင်ဆင်မှုပြုထားသည့် မြို့ပြနေရာများကိုဖန်တီးခြင်းဟူသော ပြဿနာနှစ်ရပ်နှင့် မြန်မာနိုင်ငံမှ ရင်ဆိုင်နေရသည်။

## အလုံးစုံလွှမ်းခြုံသော မြို့ပြအုပ်ချုပ်မှုဖြင့် ပိုမိုလုံခြုံစိတ်ချရသော မြို့များကိုဖော်ဆောင်နိုင်သည်

နိုင်ငံအဆင့်မှ ဒေသတွင်းထိအဆင့်များအားလုံးတွင်၊ အစိုးရလည်ပတ်ပုံသည် မြို့ပြလုံခြုံရေးအပေါ် သက်ရောက်မှုရှိပြီးငင်းအချက်ကို ပိုမိုလုံခြုံစိတ်ချရသော မြို့များကိုဖော်ဆောင်ရန် လုပ်ဆောင်ချက်များအားလုံးအတွက် ထည့်သွင်းစဉ်းစားရမည်။ သို့သော်၊ အစိုးရမှ မြူနီစပယ်အဆင့်တွင် လည်ပတ်ပုံသည် အဓိကသော့ချက်ဖြစ်ပြီး ၎င်းကို အဓိကပြောင်းလဲရနိုင်သည်။
မြို့ပြအုပ်ချုပ်မှုတွင်-

- **အုပ်ချုပ်ပုံနည်းလမ်း** ဆိုသည်မှာလူမှုရေးရည်မှန်းချက်များနှင့် မြို့ပြမူဝါဒများကို ဆုံးဖြတ်ချက်ချသည့် အစိုးရအတွင်းအပြင် အဓိကပုဂ္ဂိုလ်များအကြား ဆက်ဆံဆောင်ရွက်မှု လုပ်ငန်းစဉ်ဖြစ်သည်။ လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် အစိုးရအဖွဲ့သည် ပူးပေါင်းဆောင်ရွက်မှုရရှိရန် ကြိုးပမ်းရမည်ဖြစ်သော်လည်းမတူကွဲပြားမှုများနှင့် ပဋိပက္ခများကိုထိရောက်စွာဖြေရှင်းနိုင်မည့် လုပ်ငန်းစဉ်များလည်း ရှိရမည်ဖြစ်သည်။
- **အုပ်ချုပ်သည့်ပုဂ္ဂိုလ်များ** သည် မတူညီသောအစိုးရရုံးဌာနများ၊ အစိုးရအဖွဲ့နှင့် လူထုများအကြား ကြိုတင်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များတွင်မရှိမဖြစ်ပါဝင်ရသူများဖြစ်သည်။ ဤအလုံးစုံလွှမ်းခြုံသောအုပ်ချုပ်မှုတွင် မတူကွဲပြားသောအဓိကပုဂ္ဂိုလ်များသည် မတူညီသောအဆင့်များ (အိမ်နီးချင်း၊ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်နှင့် မြို့ပြအဆင့်) တွင် တပြိုင်နက် အလုပ်လုပ်ကြသည်။

## လုံခြုံစိတ်ချရမှုကိုစောင့်ကြည့်ထိန်းချုပ်ခြင်း (သို့) ဥပဒေလိုက်နာစေမှု တစ်ခုတည်းဖြင့် မရရှိနိုင်


ဤသုတေသနမှ ဖော်ပြနေသည်မှာ-

- သမာရိုးကျ ပြန်လည်တုံ့ပြန်မှုပြုသည့် စောင့်ကြည့်ထိန်းချုပ်မဟာဗျူဟာများကို အလွန်အကျွံအားကိုးခြင်းသည် လုံခြုံစိတ်ချရမှုဖြစ်စေသည်ထက်၊ ရာဇဝတ်မှုများကို ပိုဆိုးစေခြင်း (သို့) ပြဿနာကိုတစ်နေရာသို့ ရွှေ့လိုက်ခြင်းသာ ဖြစ်စေပြီး ပြဿနာကိုအခြေခံသည့် စောင့်ကြည့်ထိန်းချုပ်ခြင်းနှင့် အခြေအနေအလိုက် ရာဇဝတ်မှုကာကွယ်ခြင်းတို့သည် ပိုမိုအကျိုးသက်ရောက်မှုရှိနိုင်သည်။[၇]
- နိုင်ငံတော်လုပ်ဆောင်ချက်များချည်းသက်သက်သည် ထိရောက်မှုမရှိပေ။ ဒေသတွင်း ပြဿနာဖြေရှင်းချက်များသည် ဒေသတွင်း အခြေအနေများအတွက် သီးသန့်ဖြစ်ရမည်။
- အရွယ်အစားတစ်ခုတည်းဖြင့် အရာအားလုံး အံဝင်ဂွင်ကျ မဖြစ်နိုင်သကဲ့သို့ မည်သည့်မဟာဗျူဟာမှ သူ့ချည်းသက်သက်ဖြင့် အလုပ်မဖြစ်နိုင်ပေ။ မဟာဗျူဟာများကိုတစ်ခုတည်းအနေဖြင့် စုစည်းအသုံးချမှုသာ ထိရောက်မှုရှိပြီးရေရှည်ခံမည့် လုံခြုံစိတ်ချရမှုကို ရရှိနိုင်မည်ဖြစ်သည်။

[၇] Otter, S. ရေး - *မြန်မာနိုင်ငံ၏ မြို့တွင်းမြို့ပေါ် ထိန်းသိမ်းကြပ်မတ်ခြင်းဆိုင်ရာ အကျဉ်းချုံးစာတမ်း၊* ၂၀၁၇။ အာရှဖောင်ဒေးရှင်း၊ ရန်ကုန်။

## အလုံးစုံလွှမ်းခြုံသော မြို့ပြလုံခြုံရေးစီမံခန့်ခွဲမှုပုံစံ

သမိုင်းကြောင်းအားဖြင့်၊ မြို့ပြအားလုံးသည် ၎င်းတို့၏ မြို့သူမြို့သားများလုံခြုံမှုရရှိစေရန် အထက်အောက်စည်းမျဉ်းနှင့် လိုက်နာစေမှုကို ပြုလုပ်ခဲ့ကြသည်။ သို့သော်၊ နိုင်ငံတကာ အတွေ့အကြုံများအရမူ၊ လုံခြုံစိတ်ရမှုမရှိသောအခြေအနေများကြုံတွေ့နေရသော လူများကို ပြဿနာဖြေရှင်းသည့် ဖြစ်စဉ်မှ ချန်ထားခဲ့သောအခါ၊ ထိုသို့ ချန်ထားခဲ့မှုသည် ၎င်းတို့၏ လုံခြုံစိတ်ချရမှုမရှိဟူသောခံစားချက်ကို ပိုမိုခံစားရစေပြီးအစိုးရနှင့် ရဲတပ်ဖွဲ့တို့၏ ထိရောက်မှုကို လျော့ကျစေသည်။ယနေ့တွင်၊ မြို့နေလူထုများကိုပါ ပြဿနာ အတူဖြေရှင်းသူများအဖြစ် ထည့်သွင်းခြင်းသည်ပိုမိုထိရောက်ပြီး ရေရှည်ခံသောဖြေရှင်းချက်များ ဖြစ်သည်ဟူသော အချက်ကိုမြို့ပြအစိုးရအဖွဲ့များနှင့် ရဲတပ်ဖွဲ့များမှ လက်ခံလာပြီဖြစ်သည်။




## စည်းမျဉ်းစည်းကမ်းများ

မြို့ပြအစိုးရအဖွဲ့များတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ မြို့ပြနေရာအကွက်ချထားခြင်းများ၊ စီးပွားရေးလုပ်ငန်းများကို လိုင်စင်ထုတ်ပေးခြင်း၊ အမှိုက်သိမ်းခြင်းကဲ့သို့သော ဝန်ဆောင်မှုများအတွက် ဝန်ဆောင်ခကောက်ခံခြင်းတို့ကဲ့သို့သော ကိစ္စများနှင့် ရာဇဝတ်မှုကာကွယ်တားဆီးရေးတို့နှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အခွင့်အာဏာများ ရှိသည်။

**ဖယ်ထုတ်ထားခြင်း။** အစိုးရအဖွဲ့သည် စည်းမျဉ်းများကို လူသိရှင်ကြားကြေညာရန် (သို့) ရှင်းပြရန်ပျက်ကွက်သောကြောင့် အများပြည်သူအား ဖယ်ထုတ်ထားသကဲ့သို့ဖြစ်လျှင်၊ မြို့နေလူထုသည် စည်းမျဉ်းများကို နားလည် (သို့) လိုက်နာမည် မဟုတ်ပေ။ ဥပဒေများရှိနေနိုင်သော်လည်း စာရွက်ပေါ်တွင်သာရှိမည်ဖြစ်သည်။

**အလုံးစုံလွှမ်းခြုံခြင်း။** စည်းမျဉ်းများနှင့် (၎င်းတို့ကို ထုတ်ပြန်ရသည့် အကြောင်းရင်းများ) ကို စဉ်ဆက်မပြတ် ရှင်းလင်းစွာ ဆက်သွယ်တင်ပြထားလျှင်၊ ၎င်းစည်းမျဉ်းများသည် မြို့ပြပတ်ဝန်းကျင်နှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အပြု

အမှုများ ရရှိရန်ပုံသွင်းရာတွင် ထိရောက်သောကိရိယာများဖြစ်လာနိုင်သည်။ စည်းမျဉ်းများကို နားလည်ပြီး ၎င်းစည်းမျဉ်းများသည် လူထုအားလုံး၏ အကျိုးစီးပွားကို ရရှိရန်ကူညီကြောင်း ယုံကြည်လာသောအခါ၊ မြို့နေလူထု၏ တာဝန်အသိလည်း ပိုမိုကောင်းမွန်လာနိုင်သည်။

အထက်ပါသမာရိုးကျ စည်းမျဉ်းများအပြင် ရပ်ကွက်ဧရိယာအဆင့်စီမံကိန်းများကို အားပေးသည့် စီမံကိန်းများ၊ ကျောင်းများကို ဦးစားပေး ထောက်ပံ့ခြင်းများ (သို့) မြေယာအသုံးချရာတွင် ပုဂ္ဂလိက အဆောက်အအုံဖော်ဆောင်မှုများ၌ အများပြည်သူဆိုင်ရာ အဆောက်အအုံများ ထည့်သွင်းတည်ဆောက်စေခြင်း တို့ကဲ့သို့သော အခြားမူဝါဒများနှင့် မြို့ပြစီမံခန့်ခွဲခြင်းတို့မှတဆင့် ပြဿနာရင်းမြစ်များကို ဖြေရှင်းခြင်းဖြင့် လည်း အစိုးရအဖွဲ့မှ မြို့ပြလုံခြုံစိတ်ချရမှုကို မြင့်တက်စေနိုင်သည်။

## လိုက်နာစေခြင်း

လိုက်နာစေခြင်းဆိုသည်မှာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် စံနှုန်းများနှင့် အညီလိုက်နာဆောင်ရွက်စေသည့် ဖြစ်စဉ်ပင်ဖြစ်သည်။ မြို့ပြလုံခြုံစိတ်ချရမှုတွင်၊ သမာရိုးကျနည်းလမ်းများသည် စောင့်ကြည့်ထိန်းချုပ်ခြင်းနှင့် အပြစ်ပေးသည့်စနစ်များ အပေါ် အားကိုးခဲ့သည်။ ခေတ်မီသောမြို့ပြများတွင်မူ၊ ဥပဒေကိုလိုက်နာစေရာ၌ လူထုလုံခြုံစိတ်ချရမှုမြင့်တက်ပြီး အကြောက်တရားများကိုလျှော့ကျစေရန် လက်ဦးမှုရယူဆောင်ရွက်နိုင်သည့် ပြဿနာဖြေရှင်းသောနည်းလမ်းများနှင့် စနစ်တကျပူးပေါင်းဆောင်ရွက်မှုများကို အားပေးကာ၊ ဒေသတွင်း အသိုင်းအဝိုင်းများကိုလည်း ပါဝင်စေသည်။

**ဖယ်ထုတ်ထားခြင်း။** ဥပဒေများကို လူများအတွက် ထည့်သွင်းတွက်ချက်မှုမရှိပဲ ရေးဆွဲထားသောအခါတွင်၊ လူထုမှစည်းမျဉ်းများ လိုက်နာလာစေရန် ရဲတပ်ဖွဲ့များမှ ပို၍ အင်အားသုံးဆောင်ရွက်ကြရသည်။

**အလုံးစုံလွှမ်းခြုံခြင်း။** ဥပဒေသည် ၎င်းတို့အကျိုးစီးပွားအတွက်ဖြစ်သည်ဟု လူထုမှယုံကြည်လာသောအခါ၊ ၎င်းတို့ချင်း အပြန်အလှန် စောင့်ကြည့်ထိန်းချုပ်ခြင်းဖြင့် ဥပဒေကိုလိုက်နာစေရာတွင် ကူညီပေးနိုင်သည်။

## ထိတွေ့မှု

ထိတွေ့မှုသည် ထိခိုက်မှုဒဏ်ခံနိုင်ပြီး အလုံးစုံလွှမ်းခြုံသော ဥပဒေလိုက်နာသည့် လူမှုအဖွဲ့အစည်းများကို ပျိုးထောင်ရန်အတွက် အရေးကြီးသော ကိရိယာတစ်ခုဖြစ်ပြီး၊ ၎င်းသည် အနိမ့်ဆုံး (လူထုကို အသိပေးခြင်း) မှ အမြင့်ဆုံး ( ပြဿနာနှင့် အဖြေရှာမှုကို မျှဝေပြုလုပ်ခြင်း) အထိ အဆင့်အများအပြားတွင် ဖြစ်ပေါ်နိုင်သည်။ ထိတွေ့မှုကို လုပ်ဆောင်ရာတွင် ခက်ခဲပြီး အချိန်ကုန်နိုင်သော်လည်း နိုင်ငံရေးမပါဝင်ပဲ အလယ်အလတ်ကျသော နည်းပညာပိုင်းဆိုင်ရာ ဆွေးနွေးမှုများပြုလုပ်ရာတွင် ထိတွေ့မှုလုပ်ငန်းစဉ် မပါဝင်၍ မရပေ။ လုံခြုံစိတ်ချရမှုဟူသော အကြောင်းအရာကို ဩဇာကြီးမားသော ကျွမ်းကျင်ပညာရှင်များမှ ချဉ်းကပ်လေ့လာခြင်းသည် အသုံးမဝင်ကြောင်း သိရှိခဲ့ရပြီးဖြစ်သည်။

**ဖယ်ထုတ်ထားခြင်း။** အစိုးရအဖွဲ့မှ မြို့နေလူထုကို ဖယ်ထုတ်ထားသောအခါ၊ ၎င်းတို့သည် ပြဿနာအတွက် တာဝန်မရှိဟု ခံစားရသောကြောင့် အထက်အောက် အဖြေရှာနည်းကို ကျင့်သုံးနိုင်ရန် ၎င်းတို့ကို အတင်းအကျပ် ဖိအားပေးရသည်။ ဖြေရှင်းနည်းများသည် ကုန်ကျစရိတ်များပြီး အစိုးရအဖွဲ့မှ စဉ်ဆက်မပြတ် စောင့်ကြည့် ထိန်းချုပ်ရသောကြောင့် ဤချဉ်းကပ်ပုံမျိုးသည် လူကြိုက်များထောက်ခံမှုမရှိလျှင် တာရှည်မခံပေ။

**အလုံးစုံလွှမ်းခြုံခြင်း။** မြို့ပြလူထုကို မူဝါဒများပုံဖော်ရာတွင် ထည့်သွင်းစဉ်းစားပြီး ပိုမိုလုံခြုံစိတ်ချရသော မြို့ပြများဖန်တီးရာတွင် ပါဝင်ခွင့်ပေးလျှင်၊ ၎င်းတို့သည် ပြဿနာကို မျှဝေဖြေရှင်းရမည်ဟု ခံစားမိပြီး လုံခြုံစိတ်ချရမှုကို ထိန်းသိမ်း ရာတွင် ပိုမို၍ လက်ဦးမှုရယူကာ ပူးပေါင်းပါဝင်လာမည်ဖြစ်သည်။

# မြန်မာနိုင်ငံ၏ မြို့ပြဒေသများကောင်းလုံခြုံရေး

## မြို့ပြဖြစ်ထွန်းလာမှုဖြစ်စဉ် (Urbanization)

မြန်မာ့သမိုင်း၌ အထူးသဖြင့် ၁၉၅၀ နှင့် ၁၉၉၀ နှစ်များအတွင်းတွင် သိသာထင်ရှားသော ကျေးလက်မှ မြို့ပြသို့ပြောင်းရွှေ့မှု ဖြစ်ပေါ်ခဲ့ပြီး မကြာသေးမီက လူဦးရေအများအပြားကို နေရာရွှေ့ပြောင်းစေခဲ့သော ၂၀၀၈ ဆိုင်ကလုန်းနာဂစ်ကြောင့် အထူးသဖြင့် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသမှ လူအများအပြား ပြောင်းရွှေ့လာခဲ့သည်။

အကူးအပြောင်းအစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ၂၀၁၁ တွင် စတင်ခြင်းသည် မြို့ပြသို့ပြောင်းရွှေ့အခြေချနေသော အသိုင်းအဝိုင်း၏ စိတ်ခါ်မှုပြဿနာများကို ရှေးတန်းပို့လိုက်သကဲ့သို့ ဖြစ်ပြီး၊ စီးပွားရေးဆိုင်ရာဖြေလျှော့ခြင်းများဆီသို့ ဦးတည်သည့် ခြေလှမ်းများ လုပ်ဆောင်လာသောအခါ လွန်ခဲ့သည် နှစ်အနည်းငယ်အတွင်းတွင် မြို့ပြများ၌ ပိုမိုကောင်းမွန်သော အခွင့်အလမ်းများ ပေါ်ထွက်လာကြသည်။

အသိုင်းအဝိုင်းအဖွဲ့အစည်း၏ လူငယ်များသည် ရေမြေခြားတွင် အခွင့်အလမ်းများ သွားရောက်ရှာဖွေကြသောကြောင့် လယ်ယာ စိုက်ပျိုးရေးကဏ္ဍဖြင့် မိရိုးဖလာ အသက်မွေးဝမ်းကျောင်းပြုနေသော လူအရေအတွက်သည် သိသာထင်ရှားစွာကျဆင်းလာသည်။ မြန်မာနိုင်ငံတွင်၊ မြို့ပြများ၏အနာဂတ်အတွက် ကြိုတင်ကြံစည်ထားမှု မရှိသလောက်ပင်ဖြစ်ပြီး မြူနီစပယ်ရုံးဌာနများကသာ အခြေခံ မြို့ပြဆိုင်ရာဝန်ဆောင်မှုများကို လုပ်ဆောင်ပေးကြပြီး ၎င်းတို့တွင် ကြီးထွားတိုးတက်လာမှုကို ထိန်းချုပ်ရန် အာဏာမရှိပေ။

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့် လျင်မြန်သော မြို့ပြဖြစ်ထွန်းလာမှု တို့ကြောင့် မြန်မာနိုင်ငံပုံရိပ်သည် ပမာဏကြီးမားစွာပြောင်းလဲ လာနေသောကြောင့်၊ အာရှဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်သည် အစိုးရ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့် မြို့ပြများအတွင်း နေထိုင်သူ များ၏ လုံခြုံစိတ်ချရမှုကို မြှင့်တင်ပေးရန် ဖြစ်သည်။ ဤတွင် အာရှဖောင်ဒေးရှင်းမှ မြို့သုံးမြို့ရှိ မြို့နယ်လေးခု (စီးပွားရေးမြို့တော် ရန်ကုန်ရှိ မြို့နယ် ၂ ခုနှင့် ရှမ်းပြည်နယ်ရှိ တောင်ကြီးမြို့၊ ကရင်ပြည်နယ်ရှိ ဘားအံမြို့) တွင် သုတေသနပြုခဲ့သည်။

## လက်ရှိမြို့ပြလုံခြုံရေးစိန်ခေါ်မှုပြဿနာများ

***အသိုင်းအဝိုင်းအဖွဲ့အစည်းအတွင်း လုံခြုံစိတ်ချရမှုအပေါ် စိုးရိမ်ပူပန်မှုများ***

မြန်မာနိုင်ငံ၏ မြို့နေလူထုနှင့် အာဏာပိုင်များမှ လုံခြုံစိတ်ချရမှုအပေါ် စိုးရိမ်ပူပန်နေကြသော ပြဿနာများမှာ ရာဇဝတ်မှုနှင့် မူးယစ်ဆေးသုံးစွဲခြင်း၊ ယာဉ်မတော်တဆမှုများ၊ တည်ဆောက်ပြီးသော အဆောက်အအုံများနှင့် ဆက်စပ်သည့် အခြားပြဿနာများ၊ လူမှုရေးမညီမျှမှုများ၊ တရားဥပဒေအရမဟုတ်သည့် ဖြေရှင်းချက်များ၊ ရေထုတ်စနစ် ညံ့ဖျင်းမှုများ၊ အညစ်အကြေးအစိုင်အခဲများ၊ လမ်းမီး နှင့် ကြီးမားသောပွဲလမ်းသဘင်များတွင် လာရောက်သော ပရိသတ်အတွက်လုံခြုံရေး တို့ဖြစ်သည်။ အမျိုးသမီးများ စိုးရိမ်နေကြသော ကိစ္စရပ်များမှာ အများပြည်သူနေရာတွင် ညှင်းပန်းစော်ကားခံရခြင်းနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားခံရခြင်းတို့ဖြစ်သည်။

အာရှဖောင်ဒေးရှင်းမှ မြို့ပြလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို သုတေသနလုပ်ဆောင်ခဲ့သော မြို့နယ်များတွင်၊ နေရာအားလုံးရှိ ပြန်လည်ဖြေကြားခဲ့သူများမှ တူညီသည့် အချက်တော်တော်များများကို စိုးရိမ်ပူပန်နေကြပြီး၊ အချို့ပြဿနာများသည် မြို့နယ်တစ်ခုစီနှင့် ပိုမိုအသေးစိတ် သက်ဆိုင်ကြောင်း တွေ့ရသည်။ တောင်ကြီးနှင့် ဘားအံမြို့ရှိ တချို့နေရာများတွင် မူးယစ်ဆေးနှင့် ပတ်သက်သည့် ပြဿနာများနှင့် လူငယ်များ မူးယစ်ဆေးသုံးစွဲမှုကို တားမြစ်ခြင်းကို ပိုမိုအာရုံစိုက်ကြပြီး ရန်ကုန်တွင်မူ လမ်းပတ်ဝန်းကျင်နှင့် အထွေထွေ ရာဇဝတ်မှုများကို ပိုမိုအာရုံထားကြသည်ကို တွေ့ရသည်။ တောင်ကြီးတွင်မူ ထိခိုက်ဒဏ်ရာရမှုများဖြစ်လေ့ရှိသည့် မြို့တော်၏ နှစ်စဉ် မီးပုံးပျံပွဲတွင် လူထုပရိသတ်လုံခြုံရေးစီမံခန့်ခွဲမှု ကို အဆင့်မြှင့်တင်ခြင်းသည် အရေးကြီးဆုံးသော မြို့ပြလုံခြုံစိတ်ချရမှု ပြဿနာများထဲမှ တစ်ခုဖြစ်သည်။ ရန်ကုန်မြို့ရှိ အညစ်အကြေးနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနှင့် ဘားအံမြို့တွင် မော်တော်ယာဉ်နှင့် လမ်းလုံခြုံရေး ပြဿနာများသည် တစ်မြို့ချင်းစီအလိုက် ပြုပြင်ဖြေရှင်းရမည့် ပြဿနာများဖြစ်သည်။

*အစိုးရအဖွဲ့မှ တုံ့ပြန်ဆောင်ရွက်ပုံ နည်းလမ်းများ*

အသိုင်းအဝိုင်းအဖွဲ့အစည်းတွင်းမှ ကောက်ခံရရှိသော အချက်အလက်များအရ အချို့သောပြဿနာများကို ဒေသတွင်းလုံခြုံစိတ်ချမှု ရရှိစေရန် ဆောင်ရွက်သူများမှ လက်ဦးမှုရယူဖြေရှင်းကြပြီး အချို့အာဏာပိုင်များက ဖြစ်ပျက်ပြီးမှ ပြန်လည်တုံ့ပြန်ဆောင်ရွက်ကြသည်။ မြို့နယ်လေးခုရှိ ဖြေကြားပေးသူများအရ ဒေသတွင်းလုံခြုံစိတ်ချမှုရရှိစေရန် ဆောင်ရွက်သူများနှင့် လူထုကြားတွင် လုံခြုံစိတ်ချရမှု ပြဿနာများကို ဖြေရှင်းခြင်းနှင့် နားလည်သဘောပေါက်ခြင်း ကိစ္စရပ်များတွင် ချိတ်ဆက်မှုမရှိကြောင့် တွေ့ရသည်။ တစ်ချိန်တည်းမှာပင်၊ လူထုသည် လုပ်ဆောင်ရမည့် တာဝန်နှင့် အခန်းကဏ္ဍများကို နားလည်မှုမရှိဟု ဒေသတွင်းလုံခြုံစိတ်ချမှုရရှိစေရန် ဆောင်ရွက်သူများမှ တွေးထင်ကြသည်။ ထို့ကြောင့် ဒေသတွင်းလုံခြုံစိတ်ချမှုရရှိစေရန် ဆောင်ရွက်သူများနှင့် မြို့ပြအဖွဲ့အစည်း အသိုင်းအဝိုင်းများကို ပေါင်းစပ်ပေးပြီး၊ ဒေသတွင်း လုံခြုံစိတ်ချရမှုဆိုင်ရာ ပြဿနာများကို ပိုမိုနားလည်စေကာ ၎င်းတို့ကို ဖြေရှင်းရန် နည်းလမ်းများရှာဖွေနိုင်မည့် အခွင့်အရေးတစ်ခု ရှိနေသည်။

နယ်ပယ်အများအပြားကို ပိုမိုကောင်းမွန်ရန် လုပ်ဆောင်နိုင်သော်လည်း၊ အချို့ကိစ္စရပ်များကို ဖြေရှင်းခြင်းကပင် မတူညီသော ရုံးဌာနများကို ပေါင်းစပ်စေပြီး ၊ ဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုပုံစံများ ဖြစ်စေကာ၊ ထပ်မံတိုးချဲ့သွားနိုင်သော အုပ်စုလိုက်ပူးပေါင်း လုပ်ဆောင်သော အုပ်ချုပ်ရေးကို ရရှိစေပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ထင်ရှားသိသာသော ချုပ်ထိန်းနိုင်မှု အာဏာရှိသည်။ ဥပမာအနေဖြင့် ရေကြီးရေလျှံမှုကို ရုံးဌာနများမှ တုံ့ပြန်လုပ်ဆောင်ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လမ်းညွှန်မှုအောက်တွင် ရုံးဌာနအသီးသီးမှ ကိစ္စရပ်တစ်ခုကို ဆောင်ရွက်ခြင်းမျိုးကဲ့သို့ ဖြစ်သည်။ ဒုတိယဥပမာတစ်ခုမှာ ရိုးရာ ယဉ်ကျေးမှုပွဲတော်များ ကျင်းပရန် ဒေသတွင်းလုံခြုံစိတ်ချမှုရရှိစေရန် ဆောင်ရွက်သူများမှ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။ ထွေ/အုပ်၊ ရဲတပ်ဖွဲ့များ၊ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များ လုပ်ဆောင်သော အဖွဲ့များနှင့် တခါတရံတွင် တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များပါ ပူးပေါင်း၍ ပွဲတော်များကို စီစဥ်ပြီး လူထုလုံခြုံစိတ်ချရမှုရှိစေမည်ဖြစ်သည်။ ၎င်းတို့တွင် အထက်၌ ဖော်ပြပြီးသော တောင်ကြီးမီးပုံးပျံပွဲ၊ ဘားအံရှိ ကရင်နှစ်သစ်ကူးနှင့် သင်္ကြန်ပွဲတော်များ ပါဝင်သည်။

လမ်းပန်းတည်ဆောက်မှုအနေအထားကို စီးရိမ်မှုများ (သို့) လူငယ်များမူးယစ်ဆေးသုံးစွဲခြင်း တို့ကဲ့သို့သော အခြားကိစ္စရပ်များကို ဖြေရှင်းရာတွင် ရုံးဌာနများနှင့် လူထုကို ပါဝင်ဆွေးနွေးစေပြီး ရရှိသောရင်းမြစ်များကို အသုံးချကာ ဖြေရှင်းနိုင်သည့် အခွင့် အလမ်းများရှိသည်။

*အမျိုးသမီးများနှင့် မိန်းကလေးများကို အကြမ်းဖက်မှုများ မဖြစ်ပေါ်စေရန် မူဝါဒချမှတ်ခြင်း*

မြန်မာနိုင်ငံတွင် လိင်နှင့်ဆိုင်သော မြို့ပြလုံခြုံစိတ်ချရမှုပြဿနာများကို လူထုမှ ပိုမိုသိရှိလာစေရန်ကြိုးစားပြီး၊ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုများအတွက် အစိုးရ အာဏာပိုင်များမှ တိကျသောမဟာဗျူဟာများချမှတ်ရန် တွန်းအားပေးသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSO) များနှင့် NGO များ တိုးပွားလာနေသည်။သို့သော် ယနေ့အချိန်ထိ၊ မြို့ပြဇရိယာများတွင် အမျိုးသမီးများနှင့် မိန်းကလေးများ နေထိုင်ရမှုဘဝကို အဆင့်မြှင့်ပေးမည့်၊ အဓိပ္ပါယ်ရှိသော မူဝါဒချမှတ်ပေးနိုင်ရန် အဆိုပါ အဖွဲ့များနှင့် ဒေသတွင်းအာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်မှု အနည်းငယ်သာရှိနေသေးသည်။

ခြွင်းချက်အနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် အမျိုးသမီးအခွင့်ရေးနှင့် ကလေး ကာကွယ်စောင့်ရှောက်ရေး ပြဿနာများနှင့် စပ်လျဥ်း၍ တက်ကြွလှုပ်ရှားသူများ၊ CSO များ၊ INGO များနှင့် ပုံမှန်ထိတွေ့မှုရှိသည်။ သို့သော်၊ ထွေ/အုပ် နှင့် အခြား မြို့နယ်ဆိုင်ရာပုဂ္ဂိုလ်များနှင့် ယှဥ်လျှင်၊ ဝန်ကြီးဌာနနှင့် ၎င်းအောက်ရှိ လူမှုဝန်ထမ်းဌာနတို့တွင် လက်လမ်းမီမှု၊ ဘဏ္ဍာငွေ နှင့် အခွင့်အာဏာတို့ နည်းပါးသည်။ သို့သော်လည်း ၎င်းတို့၏ အသံနှင့် အခန်းကဏ္ဍသည် ပို၍ပင် အရေးပါလာနေသည်။

(မြို့နယ်တိုင်းတွင်တည်ရှိကာ အသိုင်းအဝိုင်းအဖွဲ့အစည်းတွင်းမှ အမျိုးသမီးအချို့ အသင်းဝင်အဖြစ်ပါဝင်ပြီး မြို့နယ်၏ ဌာနဆိုင်ရာ အကြီး အကဲများ၏ ဇနီးများမှ ဦးဆောင်သော) မြန်မာနိုင်ငံ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှလည်း CSO များ၊ INGO များနှင့် ပုံမှန်ထိတွေ့မှုရှိကြောင်းတွေ့ရသည်။ သို့သော်၊ ဤစနစ်သည် လူထုလက်ခံသဘောကျမှု၊ ထိရောက်မှုနှင့် မြို့နယ်အလိုက် လုပ်ငန်းစဥ်များအပေါ် မူတည်၍ ကွာခြားမှုရှိနိုင်သည်။

ရဲဝန်ထမ်းများသည် ၎င်းတို့ထံရောက်ရှိလာသော အမျိုးသမီးများနှင့် မိန်းကလေးများကို အကြမ်းဖက်မှုများကို ပြန်လည်တုံ့ပြန်မှုမပြုဟု အမျိုးသမီးများက ပြောဆိုလေ့ရှိသည်။ ဤသို့ အရေးယူဆောင်ရွက်မှုမရှိခြင်း၏ အဓိကအကြောင်းရင်းမှာ လိင်ပိုင်းဆိုင်ရာ အခြေခံသော

အကြမ်းဖက်မှုများကို အရေးမလုပ်ပဲ ဖြစ်ရိုးဖြစ်စဉ်ဟု သတ်မှတ်ထားသော လူမှုအဖွဲ့အစည်းတွင်း နက်ရှိုင်းစွာ ကိန်းအောင်းနေသော ပုံမှန် အပြုအမူများကြောင့်ဖြစ်ပြီး၊ များသောအားဖြင့် အမျိုးသားရဲဝန်ထမ်းများသည် အဆိုပါအမူများကို အလေးအနက်ထားလေ့မရှိပဲ အကြမ်းဖက်မှုများမှ လွတ်မြောက်လာသောသူများ ကြုံတွေ့ရသော စိတ်ဒဏ်ရာကိုလည်း စာနာခံစားတတ်ခြင်းမရှိပေ။

# မြို့ပြဒေသများကင်းလုံခြုံရေးအတွက် တာဝန်ရှိသော အစိုးရရုံးဌာနများ

မြန်မာနိုင်ငံ၏ ရှည်လျားသော သမိုင်းကြောင်းရှိသည့် စစ်အစိုးရပုံစံများနှင့် ပို၍ ဒီမိုကရက်တစ်ဆန်သော အစိုးရတစ်ရပ်ဆီသို့ ကူးပြောင်းသော အရွေ့တို့သည် နိုင်ငံ၏ မြို့ပြလုံခြုံရေးအတွက် အခြေခံဖြစ်သည်။ ကူးပြောင်းမှု၏ တစိတ်တပိုင်းအနေဖြင့်၊ မြန်မာနိုင်ငံ၏ မြို့ပြဧရိယာ ကြီးထွားတိုးတက်လာသည်နှင့် အမျှ၊ ထိရောက်သောမူဝါဒကို ရေးဆွဲပြီး အကောင်အထည်ဖော်နိုင်ရန်အတွက် အုပ်ချုပ်မှုပုံစံများ တည်ဆောက်နိုင်ရန် အလွန်ပင်အရေးကြီးသည်။ ထို့ပြင် အစိုးရအာဏာပိုင်များသည် မြို့ပြအဖွဲ့အစည်း အသိုင်းအဝိုင်းများအတွက် တာဝန်ရှိပြီး၊ ၎င်းအသိုင်းအဝိုင်းများ၏ ကိစ္စရပ်များကို ပူးပေါင်း၍ လက်ဦးမှုရယူဖြေရှင်းရန် လိုအပ်ကြောင်းကို အဆိုပါအာဏာပိုင်များမှ နားလည်သဘောပေါက်ခြင်းသည် မြို့ပြများတွင် အောင်မြင်မှုရရှိရန်အတွက် အဓိကအချက်ဖြစ်သည်။


ပိုမိုအားကောင်းသော အရပ်ဘက်လူမှုအသိုင်းအဝိုင်းနှင့် မီဒီယာများ မြန်မာနိုင်ငံတွင် ပေါ်ထွက်လာသောကြောင့် အစိုးရအဖွဲ့ကို ပိုမိုယုံကြည် စိတ်ချမှုရှိစေရန်နှင့် ထိရောက်စွာဆောင်ရွက်နိုင်ရန် အတိုင်းအတာတစ်ခုအထိ တွန်းအားပေးနိုင်ခဲ့သည်။

ဤအပြောင်းအလဲသည် အရပ်ဘက်နှင့် အုပ်ချုပ်ရေးပိုင်းကို ပိုမိုထိတွေ့မှုရှိစေရန် ပထမခြေလှမ်းဖြစ်သော်လည်း မြန်မာနိုင်ငံ၏ မြို့နေလူထုနှင့် လက်ဦးမှုရယူကာ ထိတွေ့ဆောင်ရွက်သောအခါ အုပ်ချုပ်ရေးပိုင်းကို ပိုမိုကောင်းမွန်စေနိုင်မည့် အခွင့်အရေးများစွာ ရှိနေသည်။

သီးခြားကဏ္ဍများအတွက် အရေးကြီးနေရာတွင်ရှိသော အုပ်ချုပ်ရေးပိုင်းဌာနများနှင့် ၊ မြို့ပြများတွင် အဓိကစီမံခန့်ခွဲမှုလုပ်ဆောင်ရမည့် ရုံးဌာန သုံးခုကို အာရှဖောင်ဒေးရှင်းမှဖော်ထုတ်ထားသည်။ ၎င်းတို့မှာ-

- အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD)
- စည်ပင်သာယာရေးအဖွဲ့များ (DAO)/ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ
- မြန်မာနိုင်ငံရဲတပ်ဖွဲ့ (MPF)

**အဓိက အစိုးရရုံးဌာနများနှင့် အထောက်အကူပေးရေး ရုံးဌာနများ**



အထောက်အကူပေးရေးရုံးဌာနများတွင် ကျန်းမာရေး၊ လူမှုဝန်ထမ်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနများကဲ့သို့ ဒေသတွင်းရုံးဌာနများဖြင့် တိုက်ရိုက်လုပ်ငန်းလုပ်ဆောင်သော ဝန်ကြီးဌာနများ အပြင်၊ မီးသတ်ဌာနကဲ့သို့ သမာရိုးကျ လုံခြုံစိတ်ချရေးကို ဦးစားပေးသည့် အဖွဲ့အစည်းများလည်း ပါဝင်သည်။

ရဲတပ်ဖွဲ့နှင့် GAD နှစ်ခုလုံးသည် (မြန်မာ့စစ်တပ်မှ တိုက်ရိုက်ထိန်းချုပ်ထားသော ဝန်ကြီးဌာန သုံးခုထဲတွင် ပါဝင်သော) ပြည်ထဲရေးဝန်ကြီးဌာနအောက်တွင် ရှိသည်။ ထို့ကြောင့်ပင် အဆိုပါ အဖွဲ့အစည်းနှစ်ခုလုံးသည် ရာဇဝင်ကြောင်းအရ နိုင်ငံသားတို့၏ လုံခြုံရေးထက် နိုင်ငံ့လုံခြုံရေးနှင့် အေးချမ်းသာယာရေးကို ပိုမိုဦးစားပေးဆောင်ရွက်ခဲ့ကြသည်။ အဖွဲ့အစည်းနှစ်ခုလုံးသည် ရုံးဌာနယဉ်ကျေးမှုကို ပြောင်းလဲရန်နှင့် ဝန်ဆောင်မှုပေးအပ်သည့် အပိုင်းကို ပိုမိုအခြေခံရန် ခြေလှမ်းများစလာခဲ့သော်လည်း၊ အောင်မြင်ရန် အချိန်ယူရဦးမည်ဖြစ်သည်။ ၂၀၁၂ တွင် ပြုပြင်ပြောင်းလဲမှုများ စတင်ခဲ့သည့် အချိန်မှစ၍၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဖွဲ့အစည်းများသည် နိုင်ငံတော်အဆင့်တွင် ဝန်ကြီးဌာနများ၏ ထိန်းချုပ်မှုအောက်မှ လွတ်မြောက်သွားပြီဖြစ်ပြီး ၎င်းတို့နှင့် သက်ဆိုင်သော ပြည်နယ် (သို့) တိုင်းအစိုးရအဖွဲ့သို့ တိုက်ရိုက်တင်ပြရပြီဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ၊ ၎င်းတို့ကိုလည်း ရာဇဝင်ကြောင်းအရ စစ်တပ်မှထိန်းချုပ်ခဲ့ဖူးပြီး ယခင်က နယ်စပ်ရေးရာဝန်ကြီးဌာနအောက်တွင် ရှိခဲ့သည်။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD)

ထွေ/အုပ်သည် မြို့နယ်အုပ်ချုပ်ရေး ပုံစံများတွင် အာဏာအရှိဆုံးဖြစ်ပြီး မြို့နယ်အုပ်ချုပ်မှုအများစုကို ချိတ်ဆက်ညှိနှိုင်းပေးပြီး မြို့နယ်ရဲစခန်းများအပါအဝင်၊ အခြားသောဌာနများ အားလုံးနီးပါးအပေါ် လွှမ်းမိုးအုပ်ချုပ်နိုင်သည်။

မြန်မာနိုင်ငံ၏ ကျေးလက်နှင့် မြို့ပြရှိ မြို့နယ်တိုင်းတွင် ထွေ/အုပ်ရုံးများရှိပြီး၊ မြို့နယ်အဆင့်ကို နိုင်ငံသားများနှင့် အစိုးရရုံးဌာနများမှ မြန်မာနိုင်ငံအုပ်ချုပ်ရေး၏ အဓိကထောက်တိုင်များအဖြစ် သိနားလည်ထားကြရမည်ဖြစ်သည်။

မြို့နယ်များတွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများသည် လူထုထံသို့ တိုက်ရိုက်ဝန်ဆောင်မှုပေးရန် အာရုံမစိုက်ရတော့ပဲ ၎င်းတို့၏မြို့နယ်များအတွင်းရှိ အခြားရုံးဌာနများမှ လုပ်ဆောင်သည့် ကိစ္စရပ်များနှင့် လုပ်ဆောင်ချက်များကို နားလည်သဘောပေါက်ပြီး အခြားအဓိကဌာနများကို စုစည်းရသည့် စီမံခန့်ခွဲရေးနှင့် ချိတ်ဆက်ညှိနှိုင်းရေးကိုသာ လုပ်ဆောင်ရမည်ဖြစ်သည်။

## စည်ပင်သာယာရေးအဖွဲ့ များ(DAOs)

စည်ပင်အဖွဲ့ များ၏အခန်းကဏ္ဍတွင် မိလ္လာစနစ်မှအစ  မြို့အတွက် လမ်းမီးများ စီမံရေးဆွဲခြင်းအလယ် သဘာဝဘေးအန္တရာယ်များကို ကာကွယ်ခြင်းအဆုံး ၃၁ မျိုးသော အသေးစိတ် မြူနီစပယ်တာဝန်များကို လုပ်ဆောင်ခြင်းတို့ ပါဝင်သည်။ ထို့ပြင် ၎င်းတို့သည် စားသောက်ဆိုင်များ အပါအဝင် ဒေသတွင်းလုပ်ငန်းများအတွက် လိုင်စင်ထုတ်ပေးသူအဖြစ် စီးပွားရေးဆိုင်ရာ အုပ်ချုပ်မှုတွင် ပါဝင်ရမည်ဖြစ်သည်။ သို့သော် လက်တွေ့တွင် လမ်းတည်ဆောက်ခြင်းနှင့် အညစ်အကြေးအစိုင်အခဲများအတွက် ဝန်ဆောင်မှုပေးခြင်းတို့ကဲ့သို့သော ဝန်ဆောင်မှုအနည်းငယ်ကိုသာ အဆိုပါအဖွဲ့အစည်းများမှ ပြုလုပ်ပေးနိုင်သည်ကို တွေ့ရသည်။ မြို့ပြလုံခြုံရေးအတွက် မဟာဗျူဟာကျကျချဉ်းကပ်ရာတွင် အရေးကြီးသော စီမံရေးဆွဲခြင်းသည် သိသာထင်ရှားစွာပျောက်ရှနေသည်။ အဘယ်ကြောင့်ဆိုသော် ထွေ/အုပ်မှ မြေယာစီမံခန့်ခွဲမှုကို ထိန်းချုပ်ထားပြီး စည်ပင်အဖွဲ့ များသည် မြို့ပြစီမံရေးဆွဲခြင်းကို ပြုလုပ်ရန်အာဏာရှိသည်ဟူ၍ ခွဲခြားထားသောကြောင့်ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ၊ စည်ပင်သာယာရေးအဖွဲ့ များသည် လူထုဆိုင်ရာ ဝန်ဆောင်မှုများကို လုပ်ဆောင်ပေးရသူများဖြစ်သောကြောင့် ၎င်းတို့သည် လုံခြုံရေးနှင့် ဆက်စပ်သည့် ကိစ္စရပ်များကိုပါ လုပ်ဆောင်သူများဖြစ်သည်။ အကြောင်းမှာ ရုပ်ပိုင်းဆိုင်ရာ တည်ဆောက်ပြီးသော နေရာများနှင့် ရေပမာဏ၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲခြင်းနှင့် အခြားသော မြူနီစပယ်လိုအပ်ချက်များသည် မြို့ပြဧရိယာ၏ လုံခြုံရေးကိစ္စများ ဆောင်ရွက်ရာတွင် လိုအပ်သောကြောင့်ဖြစ်သည်။


သုတေသနပြုစဉ်အတွင်းတွင်၊ စည်ပင်သာယာဝန်ထမ်းများကိုယ်တိုင်ကပင် မြို့ပြလုံခြုံရေးစီမံခန့်ခွဲသူများဟု မြင်ရမည့်အစား ဝန်ဆောင်မှုပေးသူများအဖြစ်သာ မိမိကိုယ်ကိုရှုမြင်ကြကြောင်းတွေ့ရသည်။ သို့သော်၊ ၎င်းတို့၏အခွင့်အာဏာသည် မြို့ပြဆိုင်ရာဝန်ဆောင်မှုများနှင့်


အသေးစိတ်ဆက်နွယ်နေသောကြောင့် ထိုသို့ထင်မြင်ကြခြင်းမှာ မထူးဆန်းပေ။ စည်ပင်သာယာဝန်ထမ်းများ တာဝန်ထမ်းဆောင်ကြရာတွင် စိတ်အားတက်ကြွမှု အခြေအနေ အမျိုးမျိုးရှိတတ်ကြပြီး မတူညီသော စည်ပင်ဌာနများ၏လက်ဦးမှုရယူ၍ ပြဿနာဖြေရှင်းသည့် စိတ်နေသဘောထားများနှင့် အရည်အသွေးများသည် အရာရှိတစ်ဦးချင်းစီနှင့်ဆိုင်ပြီး ရုံးဌာနဖွဲ့စည်းပုံ (သို့) ယဉ်ကျေးမှုနှင့် မဆိုင်ကြောင်း တွေ့ရသည်။ ဌာနဆိုင်ရာခေါင်းဆောင်များမှ ဦးဆောင်ပြီး၊ အောက်အဆင့် ဝန်ထမ်းများက ၎င်းတို့၏ တာဝန်များကို ထမ်းရွက်လိုကြသော်လည်း ထို့ထက်ပိုမို ဆောင်ရွက်ကြခြင်းမရှိပေ။ လူထုဆိုင်ရာဝန်ဆောင်မှုအမျိုးမျိုးအတွက် ရင်းမြစ်များလုံလောက်စွာ မရှိခြင်းကြောင့် ၎င်းတို့၏လုပ်ဆောင်နိုင်စွမ်းကို ဘောင်ခတ်ကျဉ်းမြောင်းစေသည်ဟု ဝန်ထမ်းနှင့် ဌာနဆိုင်ရာခေါင်းဆောင်များမှ တင်ပြကြသည်။

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC)

ရန်ကုန်နှင့် မန္တလေးတွင် ထူးခြားပြီးမတူညီသော မြူနီစပယ်စီမံခန့်ခွဲမှုစနစ်များရှိသည်။ ရန်ကုန်တွင် YCDC သည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အောက်ရှိ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းဆောင်တာများကို လုပ်ဆောင်ရသော်လည်း၊ ၎င်းသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော ဒေသတွင်းအစိုးရ မဟုတ်ပေ။ လက်ရှိတွင် တိုင်းဒေသကြီးအစိုးရမှ ခန့်အပ်ထားသော၊ ဌာန ၂၀ ကို ကြီးကြပ်သည့် လူ ၅ ဦးမှ YCDC ကို စီမံခန့်ခွဲနေသည်။ လက်တွေ့တွင်မူ ဌာနတစ်ခုစီ၏ တာဝန်များကို ကော်မတီအဖွဲ့ဝင် လေးဦးထဲမှ အဆိုပါနယ်ပယ်အတွင်းတွင် အကျွမ်းကျင်ဆုံးသူမှ လုပ်ဆောင်နေခြင်းဖြစ်သည်။ ဥပမာ- အင်ဂျင်နီယာပညာရပ်အကြောင်း နောက်ခံသိရှိသည့် ကော်မတီအဖွဲ့ဝင်မှ အင်ဂျင်နီယာဌာနများကို ကြီးကြပ်ခြင်းမျိုးဖြစ်သည်။ YCDC မြို့တော်ဝန် (သို့) ကော်မတီအဖွဲ့ဝင် ၁ သည် ရန်ကုန်တိုင်းဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးအဖြစ်လည်း တစ်ပြိုင်နက်တာဝန်ထမ်းဆောင်သည်။

YCDC သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်ထဲမှ ၃၃ မြို့နယ်ကို စီမံခန့်ခွဲသည်။ ၎င်းတွင် မြူနီစပယ်ဝန်ဆောင်မှုလုပ်ငန်းများ ပြုလုပ်နိုင်ရန် အာရုံစိုက်ထားသော ဌာနပေါင်း ၂၀ ရှိသည်။ မြို့ပြလုံခြုံမှုနှင့် တိုက်ရိုက်ဆက်စပ်နေသော






လုပ်ငန်းဆောင်တာများမှာ-

- အင်ဂျင်နီယာဌာန(ရေနှင့် မိလ္လာစနစ်) မှတဆင့် ရေစီမံခန့်ခွဲခြင်း။
- အညစ်အကြေးထိန်းချုပ်သန့်စင်ရေးဌာနမှ တဆင့် စွန့်ပစ်ပစ္စည်းများ သိမ်းဆည်းခြင်း။
- အင်ဂျင်နီယာဌာန (အဆောက်အအုံများ) မှတဆင့် မြေယာအသုံးချမှုကို စီမံရေးဆွဲခြင်း။
- မြို့ပြစီမံရေးဆွဲခြင်းနှင့် မြေယာစီမံခန့်ခွဲရေးဌာနမှ တဆင့် မြေယာစီမံခန့်ခွဲခြင်း။

ရန်ကုန်မြို့တွင်၊ မြို့နယ်အဆင့်ဝန်ဆောင်မှုများကို YCDCစီမံခန့်ခွဲရေးဌာန အောက်ရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီရုံး (မြို့နယ် YCDC) မှ စီမံခန့်ခွဲသည်။ ၎င်းကို မြို့နယ်အမှုဆောင်အရာရှိမှ ခရိုင်လက်ထောက်ဦးစီးဌာနထံသို့ အစီရင်ခံခြင်းဖြင့် ဦးဆောင်မှုပြုသည်။ လက်တွေ့တွင်မူ၊ အမှုဆောင်အရာရှိ (EO) သည် YCDC တွင်ရှိသော စီမံခန့်ခွဲရေးဦးစီးဌာနသို့ အစီရင်ခံနေခြင်းဖြစ်သည်။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့(MPF)

ပြည်ထဲရေးဝန်ကြီးဌာန၏ လက်အောက်တွင်လည်ပတ်နေသော မြန်မာ့ရဲတပ်ဖွဲ့ (MPF)သည် မြို့ပြလုံခြုံရေးကို တိုးတက်အောင် ပြုလုပ်ရာတွင် ထင်ရှားပြီး၊ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်။ နိုင်ငံတစ်ဝန်းရှိ ပမာဏ သိသာထင်ရှားသော ရဲတပ်ဖွဲ့များမှာ ပြည်နယ်နှင့် တိုင်းရဲတပ်ဖွဲ့တို့ဖြစ်ပြီး ၎င်းတို့အောက်တွင် မြို့နယ်စီမံခန့်ခွဲရေးရုံးများမှ လည်ပတ်နေကြသည်။ မြို့နယ်ရဲတပ်ဖွဲ့များကို ရဲမှူးမှ အခွဲသုံးခုဖြင့် တစ်ဖက်ပါပုံအတိုင်း ကွပ်ကဲအုပ်ချုပ်သည်။

မြို့နယ်ရဲစခန်း၏အဓိကတာဝန်နှင့်လုပ်ငန်းများမှာ-


- မှုခင်းများကိုတားဆီးခြင်း
- မှုခင်းများကို စုံစမ်းခြင်း
- တရားဥပဒေစိုးမိုးမှုကို ထိန်းသိမ်းခြင်း
- လူထုလုံခြုံမှုရှိစေရန် ထိန်းသိမ်းဆောင်ရွက်ခြင်း
- မူးယစ်ဆေးဝါးရောင်းဝယ်မှုကို တားဆီးပပျောက်စေခြင်း
- လူထု၏ အထွေထွေကိစ္စရပ်များကို ကူညီပေးရန်

မြို့နယ်ရဲစခန်းများနှင့်အတူ၊ ယာဉ်ထိန်းရဲ၊ ဧည့်လမ်းညွှန်ရဲ၊ သစ်တောရဲ၊ နယ်စပ်ကာကွယ်ရေးရဲ နှင့် မူးယစ်တပ်ဖွဲ့ (DED)၊ မှုခင်းစုံစမ်းစစ်ဆေးရေးတပ်ဖွဲ့ (CID) နှင့် အထူးရဲတပ်ဖွဲ့များပါဝင်သည့် အထူး MPF အဖွဲ့ ၁၄ ဖွဲ့လည်းရှိသည်။ ၎င်းအဖွဲ့များကို

လေ့လာရာတွင် အဆိုပါအဖွဲ့များကို လေ့ကျင့်ပေးခြင်းနှင့် သယ်ယူပို့ဆောင်ရေး၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာစွမ်းရည် ကဲ့သို့သောရင်းမြစ်များထောက်ပံ့ရာတွင် ပိုမိုကောင်းမွန်စေမည့် အခွင့်အလမ်းများရှိကြောင်း တွေ့ရှိရသည်။

၎င်းအထူးအဖွဲ့များထဲတွင်၊ လိုင်စင်လုပ်ငန်းဆိုင်ရာ စည်းမျဉ်းများကို လိုက်နာစေခြင်း၊ လမ်းလုံခြုံရေးနှင့် ပက်သက်သည့်များကို လူထုအားသိရှိစေခြင်း၊ ယာဉ်နှင့်ဆိုင်သော မတော်တဆမှုများနှင့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးခြင်း၊ လမ်းစည်းကမ်းများကို လိုက်နာစေခြင်း၊ ယာဉ်မတော်တဆမှုနှင့် ယာဉ်ကြောကြပ်တည်းမှုများကို တားဆီးပေးခြင်း စသည်တို့အတွက် တာဝန်ရှိသော ယာဉ်ထိန်းရဲများသည် မြို့ပြလုံခြုံရေးအတွက် ပိုမိုဆက်စပ်သော လုပ်ဆောင်သူများဖြစ်သည်။ အထက်ပါ ကိစ္စရပ်များကို ပြုလုပ်ရန် အခြားရဲတပ်ဖွဲ့များနှင့်သာမက သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးရုံးများနှင့်ပါ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။

သို့သော် ဤအဖွဲ့အစည်းသည် ခြစားမှုများရှိသည် ဟူသောယူဆမှုကြောင့် လူထုအမြင်တွင် ဂုဏ်သိက္ခာ အနည်းငယ်သာရှိသည်။ ယာဉ်ထိန်းရဲများကို ထောက်ကူပေးမည့် နည်းပညာရင်းမြစ်နှင့် ပစ္စည်းများမရှိဟုတင်ပြကြသည်။ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် မြို့တော်စည်ပင်ရဲတပ်ဖွဲ့ (CDPF)များလည်းရှိသည်။ ၎င်းတို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အစိတ်အပိုင်းတစ်ခုအဖြစ် ယူဆသော်လည်း၊ ၎င်းတို့ကို မြို့တော်ဝန်များမှ ငွေကြေးထောက်ပံ့ကာ သီးခြားလည်ပတ်သည်။ ပြည်နယ်နှင့် တိုင်းများကဲ့သို့ပင် စည်ပင်ရဲများသည် ရာဇဝတ်မှုများ တားဆီးကာကွယ်ရန်ကိုသာမက ပန်းခြံများနှင့် ဈေးဆိုင်များကို ထိန်းသိမ်းခြင်းနှင့် အိုးအိမ်မဲ့နေထိုင်မှုကို တားဆီးခြင်း ပြုလုပ်ရန်ကိုပါ အခွင့်အာဏာရှိသည်။




## အထောက်အကူပေးရေး ရုံးဌာနများ

၎င်းတို့တွင် လူမှုဝန်ထမ်း၊ ကျန်းမာရေး တို့ကဲ့သို့သော ဝန်ကြီးဌာနများနှင့် မီးသတ်တပ်ဖွဲ့ကဲ့သို့သော အဖွဲ့အစည်းများမှ အဓိက လုပ်ငန်းဆောင်ရွက်သူများ ရှိသည်။ သို့သော်၊ ၎င်းအဖွဲ့များသည် အရှေ့တွင် ဖော်ပြခဲ့ပြီးသော ရုံးဌာန သုံးခု၏ ခွင့်ပြုချက် (သို့) အကူအညီတောင်းခံချက် (သို့) ပူးပေါင်းဆောင်ရွက်ချက်များဖြင့်သာ လုပ်ဆောင်ရမည်ဖြစ်သည်။ ၎င်းတို့တွင်-

- **လူမှုဝန်ထမ်းဌာန (DSW)- လူမှုဝန်ထမ်း၊** ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အောက်တွင်ရှိသော လူ/ကယ်/ပြန် သည် လူမှုဝန်ထမ်းဝန်ဆောင်မှုများ ပြုလုပ်ပေးရန် အဓိကဆုံမှတ်ဖြစ်သည်။ ၎င်းတွင် မြို့နယ်အဆင့်ကိုယ်စားလှယ်မရှိပဲ

မြို့နယ်အဆင့် တာဝန်များကို ဆောင်ရွက်သော တိုင်းညွှန်ကြားရေးမှူးမှ ဦးဆောင်မည်ဖြစ်သည်။ ထွေ/အုပ် ကြည့်ရှုမှု အောက်တွင်မဟုတ်ပဲ လွတ်လပ်စွာလည်ပတ်သောကြောင့် မတူညီသောလုပ်ငန်းဆောင်ရွက်သူများနှင့် လုပ်ကိုင်ရာတွင် ကိုယ်ပိုင်ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည် ဖြစ်သောကြောင့် CSO များ၊ INGO များ၊ UN ရုံးဌာနများနှင့် ပိုမိုအားကောင်းစွာ ချိတ်ဆက်မိစေနိုင်မည်ဖြစ်သည်။

- **မီးသတ်တပ်ဖွဲ့ -** မီးသတ်တပ်ဖွဲ့သည် မြို့နယ်လုံခြုံရေးကွန်ယက်နှင့် ခွဲထုတ်၍မရသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ၎င်းသည် မီးလောင်မှုနှင့် သဘာဝဘေးအန္တရာယ်များကို တားဆီးကာကွယ်ခြင်း၊ လူထု၏အသက်၊ အိုးအိမ်၊ စည်းစိမ်နှင့် နိုင်ငံတော်ပိုင် အရင်းအနှီးများကို စောင့်ရှောက်မည်ဟူသော လုံခြုံရေးရည်မှန်းချက်များကို ရှင်းလင်းစွာဖော်ပြခဲ့ပြီး ဖြစ်သည်။ မြို့နယ်အဆင့်တွင် မီးသတ်ခြင်း၊ ကယ်ဆယ်ခြင်း၊ မီးဘေးမှ ကာကွယ်ခြင်းနှင့် တားဆီးခြင်းတို့အတွက် တာဝန်ရှိသော ဦးစီးမှူး တစ်ဦးနှင့် လက်ထောက်ညွှန်ကြားရေးမှူး (လက်ထောက်ဦးစီးမှူး) သုံးဦး ရှိမည်။ မြို့နယ်မီးသတ်ဌာနများသည် ကျောင်းများတွင် မီးဘေးအန္တရာယ်သိရှိရန် လေ့ကျင့်ပေးခြင်းများ ပြုလုပ်နိုင်ပြီး၊ ပွဲတော်များနှင့် သဘာဝဘေးအန္တရာယ်များကဲ့သို့သော ကိစ္စရပ်များတွင် ရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ ကူညီပေးနိုင်သည်။
- **စီမံကိန်းနှင့် ဘဏ္ဍာရေးဌာန -**မြို့နယ်စီမံကိန်းဌာနသည် တိုင်းစီမံကိန်းဌာန၏ ယေဘုယျလမ်းညွှန်မှု အောက်တွင်ရှိပြီး ၎င်းသည် မြို့နယ်ဌာနများအားလုံး၏ ဘဏ္ဍာငွေများကို စုစည်းကိုင်တွယ်ရသည့် တာဝန်ရှိသောကြောင့် အတော်အတန် ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ထို့ကြောင့် အဆိုပါဌာနသည် အခြားသော လုံခြုံရေးနှင့်ဆက်စပ်သည့် ဌာနများနှင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်ရာတွင် စုစည်းပေးသည့် အဓိကကျသော အစိတ်အပိုင်းဖြစ်လာသည်။ ဤမြို့နယ်စီမံကိန်းဌာနကို တိုင်းစီမံခန့်ခွဲရေး ညွှန်ကြားရေးမှူး ထံသို့အစီရင်ခံသော လက်ထောက်ညွှန်ကြားရေးမှူးတစ်ဦး မှစီမံကွပ်ကဲမည်ဖြစ်သည်။
- **ဆောက်လုပ်ရေးဌာန (DOC) -**လမ်းများ၊ တံတားများ အပါအဝင် အခြေခံအဆောက်အအုံများကို ထိန်းသိမ်းခြင်းနှင့် တည်ဆောက်ခြင်း တာဝန်များရှိသောကြောင့် မြို့နယ် DOCတွင် မြို့ပြလုံခြုံရေးဆိုင်ရာလုပ်ငန်းတာဝန်များ ရှိသည်။ မြို့နယ်ညွှန်ကြားရေးမှူးသည် တိုင်းဆောက်လုပ်ရေးညွှန်ကြားရေးမှူးထံသို့ အစီရင်ခံရမည်ဖြစ်သည်။
- **ကျန်းမာရေးဌာန (DOH) -** မြို့နယ် DOHသည် လူထု၏ကျန်းမာရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။ ၎င်းကို ဆေးဝါးဆိုင်ရာနှင့် စီမံခန့်ခွဲမှုတာဝန်များ သာမက အခြေခံကျန်းမာရေးအချက်အလက်များကိုပါ ကောက်ယူရန်တာဝန်ရှိသော မြို့နယ်ဆေးဝါးအရာရှိ (TMO) မှ ဦးဆောင်မည်ဖြစ်သည်။ ၎င်းနှင့် ရာထူးတူသူ မြို့နယ်ကျန်းမာရေးအရာရှိ (THO)သည် အလုံးစုံသော လူထုကျန်းမာရေး ကိစ္စရပ်များနှင့် ဆေးဝါးထောက်ပံ့မှုများပြုလုပ်ရန် ဦးစီးရမည်ဖြစ်သည်။

ပြဿနာပေါ်မူတည်၍၊ ရှုပ်ထွေးသော လုံခြုံရေးပြဿနာများကို ကိစ္စရပ်တစ်ခုတည်းအနေဖြင့် ဖြေရှင်းလျှင် ပိုမိုအောင်မြင်စွာဖြေရှင်းနိုင်ခြေ ရှိသောကြောင့် ၊ ပညာရေး၊ လျှပ်စစ်နှင့် တရားရေးတို့ကဲ့သော အခြားဌာနများနှင့်လည်း ဆက်စပ်လုပ်ဆောင်ရနိုင်သည်။

## ရုံးဌာနများအကြားပူးပေါင်းလုပ်ဆောင်ခြင်း

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး စတင်ခဲ့သည့် အချိန်မှစ၍၊ မြို့ပြဧရိယာများတွင် ဒေသတွင်းအုပ်ချုပ်ရေးရုံးဌာနများ၏ ပူးပေါင်း လုပ်ဆောင်မှုလည်း ပြောင်းလဲလာခဲ့သည်။ ရုံးဌာနများအကြားပူးပေါင်းဆောင်ရွက်မှုသို့ ဦးတည်သောခြေလှမ်းများသည် ကောင်းမွန်သော လက္ခဏာဆောင်သော်လည်း၊ မြန်မာနိုင်ငံ၏ မြို့ပြဧရိယာများ၏ အနာဂတ်လိုအပ်ချက်များကို ဖြည့်စည်းပေးနိုင်ရန်မှာ၊ ထိုပူးပေါင်း ဆောင်ရွက်မှုများကို ထပ်မံတိုးမြှင့်၍၊ အဓိကလွှမ်းမိုးမှုရှိသော ပုဂ္ဂိုလ်များ ပိုမိုပါဝင်နိုင်စေရန်၊ ၎င်းခြေလှမ်းများကို ရုံးဌာနတည်ဆောက်ပုံ အပေါ်မူတည်၍ အခြေပြု ကျယ်ပြန့်ကာ အားကောင်းလာအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

မြို့နယ်အဆင့်တွင်၊ ရုံးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုအတွက် အဓိကယန္တရားမှာ မြို့နယ်ကော်မတီဖြစ်ပြီး၊ အဆင့်အမြင့်ဆုံးမှာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဖြစ်သည်။ တိကျသော စိန်ခေါ်မှုပြဿနာများအတွက် အသင့်ပြင်ဆင်ဖွဲ့စည်းထားသော ရုံးဌာနများ၊ လုပ်ငန်း အဖွဲ့အစည်းများနှင့် အရေးပေါ်ကော်မတီများလည်းရှိသည်။ သို့သော် တစ်ခုနှင့်တစ်ခု အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်ရမည့် ကော်မတီများအလွန်များလွန်းခြင်း ကဲ့သို့သော အချက်များကြောင့် ၎င်းတို့၏ ထိရောက်မှုသည် အကန့်အသတ်ရှိနေသည်။

မတူကွဲပြားသော ကော်မတီကိုယ်စားလှယ်များသည် အခြားကော်မတီများတွင်လည်း ပါဝင်နေသောကြောင့် ၎င်းတို့၏ အခန်းကဏ္ဍနှင့် တာဝန်များကို ပိုမိုရှုပ်ထွေးစေပြီး ၎င်းကော်မတီအဖွဲ့ဝင်တို့၏ အချိန်များလည်း အလွန်ကုန်မည်ဖြစ်သည်။ ကော်မတီများ၊ ကော်မတီ အဖွဲ့ဝင်တစ်ဦးစီနှင့် ၎င်းတို့ပါဝင်သော အဖွဲ့အစည်းများအတွက် ဘဏ္ဍာငွေ အကန့်အသတ်ရှိနေခြင်းကလည်း စိန်ခေါ်မှုပြဿနာများကို

ပိုမိုဖြစ်ပေါ်စေသည်။ ကော်မတီအစည်းအဝေးများကို အများအားဖြင့်၊ လစဉ်ပြုလုပ်လေ့ရှိပြီး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီများနှင့် ဌာနခေါင်းဆောင်များသည် ပုံမှန်စည်းဝေးကြမည် ဖြစ်သည်။

ခြုံငုံသုံးသပ်လျှင်၊ ကွင်းဆင်းသုတေသနပြုစဉ် အစိုးရဝန်ထမ်းများနှင့် ပြုလုပ်သော အင်တာဗျူးများမှ ညွှန်ပြနေသည်မှာ၊ ထိုသို့သော ကော်မတီများတွေ့ဆုံပြီး ဆုံးဖြတ်ချက်များချမှတ်သည့်ပုံစံဖြင့် ရုံးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုတွင်၊ အစည်းအဝေး စည်းမျဉ်းပုံစံများကို လျှော့ချပြီး မတူညီသောရင်းမြစ်များနှင့် ဆက်သွယ်ဆောင်ရွက်ရာမှ ရရှိသော ဖြေရှင်းချက်များနှင့် အကြံဉာဏ်များကို လက်ခံလျှင် ပို၍ လုပ်ငန်းတွင်ကျယ်မည်ဖြစ်သည်။

# မြို့ပြဒေသကောင်းလုံခြုံရေးကို အားကောင်းစေရန် မူဝါဒရေးရာ အခွင့်အလမ်းများ

မြန်မာနိုင်ငံ၏ လက်ရှိရုံးဌာနဖွဲ့စည်းပုံပေါ်တွင် မြို့ပြလုံခြုံရေးပြဿနာများ ဖြေရှင်းရန်အတွက် ခိုင်မာသော အခြေခံအုတ်မြစ်များ တည်ဆောက်နိုင်သည်။ နိုင်ငံသားများနှင့် အုပ်ချုပ်သူများ အပါအဝင် အားလုံး၏အကျိုးအတွက် မြို့ပြလုံခြုံရေးနှင့် ပူးပေါင်းလုပ်ဆောင်မှု ယန္တရားများကို အောက်တွင်ဖော်ပြထားသည်။

## ရုံးဌာနများအကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် ကော်မတီများကိုအဆင့်မြှင့်ခြင်း

လက်ရှိကော်မတီဖွဲ့စည်းပုံများသည် အသုံးဝင်သော်လည်း မြို့ပြလုံခြုံရေးနှင့် စပ်လျဉ်းသည့်ပြဿနာများအပေါ် လုပ်ကိုင်ဖြေရှင်းနေသည့် သူများကို စုစည်းပေါင်းစပ်ပေးရာတွင်မူ အားနည်းသော ယန္တရားများဖြစ်နေသေးသည်။ ကော်မတီများသည် မြို့ပြနေရာများတွင် ကြုံတွေ့နေရသော လုံခြုံရေးစိန်ခေါ်မှုပြဿနာများကို သိရှိစေသည့် ဆွေးနွေးပွဲများကို ဖြစ်ပေါ်စေပြီး၊ အမြင့်ဆုံး အဆင့်အနေဖြင့် လုံခြုံရေးပြဿနာများကို ဖြေရှင်းဆောင်ရွက်နေသော အုပ်ချုပ်သူများနှင့် ထိတွေ့ဆက်ဆံရန် နည်းလမ်းများကို လူထုများအား သိရှိသွားစေနိုင်သည်။ ယနေ့အချိန်ထိတွင်၊ မြို့နေလူထု၏ လုံခြုံရေးလိုအပ်ချက်များကို ပိုမိုဖြည့်စည်းပေးနိုင်ရန်၊ ကော်မတီများနှင့် ၎င်းတို့လုပ်ငန်းလည်ပတ်ပုံများကို တိုးတက်ကောင်းမွန်စေနိုင်မည့် နေရာများရှိနေသေးသည်ဟု သုတေသနပြုချက်မှ တွေ့ရှိရသည်။ ဤတွင် မြို့နယ်တစ်ခုချင်းတွင်ရှိသော ကော်မတီအရေအတွက်ကို လျှော့ချခြင်းနှင့် အသိုင်းအဝိုင်းအဖွဲ့အစည်းများအပေါ် အကောင်းဆုံး ဝန်ဆောင်မှုပေးရန် စိတ်ပိုင်းဖြတ်ထားသောသူများကို (နေရာထပ် သို့ အကြားလပ်မှုမရှိသော) ရှင်းလင်းသည့် လုပ်ပိုင်ခွင့်အာဏာများပေး အပ်ခြင်း တို့ပါဝင်သည်။ ရှင်းလင်းသောလုပ်ပိုင်ခွင့်အာဏာရှိသည့် ကော်မတီအနည်းစုသည် အသိုင်းအဝိုင်းအဖွဲ့အစည်းများမှ လုံခြုံရေး ကိစ္စရပ်များအလိုက် မည်သည့်ရုံးဌာနသို့ ချဉ်းကပ်ရမည်ကို ပိုမိုနားလည်လာစေနိုင်သောကြောင့် လူထုမှ ပါဝင်လုပ်ဆောင်မှုကို တိုးတက် စေနိုင်သည်။

တစ်ချိန်တည်းမှာပင်၊ ကော်မတီအနည်းငယ်၏နယ်ပယ်ကို ချဲ့ထွင်ခြင်းဖြင့်၊ ၎င်းတို့သည် ယခုမကြာခဏတွေ့မြင်နေရသော ရေတိုဖြေ ရှင်းနည်း ကိုရှာဖွေပြုလုပ်နေကြမည့်အစား၊ လုံခြုံစိတ်ချရမှုမရှိစေသည့် သိမ်မွေ့သော မောင်းနှင်အားများကို ဖြေရှင်းနိုင်လာကြပြီး မြို့ပြလုံခြုံရေးပြဿနာများကို ပို၍ မဟာဗျူဟာကျကျ ကိုင်တွယ်လာနိုင်မည်ဖြစ်သည်။ ကော်မတီများကို စုစည်းလိုက်ခြင်းကြောင့် ကျန်သောရုံးဌာနများအတွက် ဘဏ္ဍာငွေပိုမိုရရှိစေနိုင်မည်ဖြစ်သော်လည်း၊ မြို့နယ်ကော်မတီများကို ဘဏ္ဍာငွေထောက်ပံ့မည့် နည်းလမ်းအား ပြန်လည်ပုံဖော်ရာတွင် ပြည်နယ်၊ တိုင်းနှင့် နိုင်ငံတော်အဆင့်များနှင့် ပိုမိုထိတွေ့ရန်လိုအပ်မည်ဖြစ်သည်။

အဆုံးတွင်မူ ထိရောက်ကာ လုပ်ငန်းဆောင်တာများ ပို၍ ပြုလုပ်နိုင်သော ကော်မတီဖွဲ့စည်းပုံသည် တာဝန်များကို ရှင်းလင်းစွာ ပိုင်းခြားသတ်မှတ်ပေးပြီး၊ ထိုသို့အကြိမ်များစွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရုံးဌာနများအကြား ယုံကြည်မှုကို တည်ဆောက်နိုင်သည်။

## အစိုးရအဖွဲ့နှင့် လူမှုအသိုင်းအဝိုင်းအကြား အပြန်အလှန်ထိတွေ့ဆက်ဆံမှု

သုတေသနပြုချက်မှ တွေ့ရှိသော သိသာထင်ရှားသည့် အပေါင်းလက္ခဏာဆောင်သောအချက်မှာ၊ အစိုးရအဖွဲ့နှင့် ထိတွေ့ဆက်ဆံရသော အသိုင်းအဝိုင်းအဖွဲ့အစည်းများနှင့် မြို့ပြလူထုများမှ အစိုးရအဖွဲ့သည် လူထုလိုအပ်ချက်များကို ပိုမိုတုံ့ပြန်ဆောင်ရွက်ပေးလာသည်ဟု တွေးမြင်လာကြခြင်းဖြစ်သည်။ အထူးသဖြင့် မြို့နေလူထုနှင့် ပိုမိုကျယ်ပြန့်စွာ ထိတွေ့ဆောင်ရွက်နိုင်ရန် လုပ်ဆောင်နေကြသော GAD နှင့် DAO များ၏ လူမှုကွန်ယက်စာမျက်နှာများတွင် သိသာထင်ရှားစွာတွေ့နိုင်သည်။ သို့ရာတွင် လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများသည် ဖြစ်ရပ် (သို့) ပြဿနာတစ်ခုကြောင့် ကြိုတင်ကြံစည်ထားခြင်းမရှိဘဲ လိုအပ်၍ အရေးပေါ်ပူးပေါင်း လုပ်ဆောင်နေကြရသောကြောင့် ထပ်မံအဆင့်မြှင့်နိုင်မည့် နေရာများရှိသေးသည်။ ဖြစ်နိုင်လျှင် ပုံမှန်အချိန်ဇယားပြုလုပ်ထားသော ကြားနာခြင်းများ (သို့) မြို့တော်ခန်းမတွင် တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းတို့ကဲ့သို့သော၊ အစိုးရအဖွဲ့နှင့် အသိုင်းအဝိုင်းအဖွဲ့အစည်းများအကြား ပုံမှန်တွေ့ဆုံသည့် ဖွဲ့စည်းပုံမျိုးကို တည်ဆောက်ခြင်းသည် အစိုးရမှထပ်မံပြုလုပ်ရမည့် အရေးကြီးသော ခြေလှမ်းဖြစ်သည်။

## လူမှုအသိုင်းအဝိုင်းအဖွဲ့အစည်းများ

မြန်မာနိုင်ငံ၏ မြို့ပြဒေသများတွင် တုံ့ပြန်လုပ်ဆောင်နိုင်သော တရားဝင်အသိုင်းအဝိုင်းအဖွဲ့အစည်း ယန္တရားများ (သို့) ဒေသတွင်း အစိုးရအဖွဲ့ကို ကူညီပေးမည့် စိတ်ဝင်စားသောအုပ်စုများ နည်းပါးနေဆဲဖြစ်သည်။ လမ်း (သို့) ရပ်ကွက်အဆင့်တွင်၊ လူမှုအသိုင်းအဝိုင်းအဖွဲ့အစည်းများသည် တိကျသော ပြဿနာများကို ဖြေရှင်းရန် တစ်ခါတစ်ရံ စိတ်ဓာတ်တက်ကြွလာလေ့ရှိသော်လည်း၊ တစ်မြို့လုံးအတွက် (သို့) ထင်ရှားသော ကိုယ်စားလှယ် လူမှုအသိုင်းအဝိုင်းအဖွဲ့များ နည်းပါးနေသေးသည်။ ရပ်ကွက်စောင့်ကြည့်ရေး (သို့) အိမ်ပိုင်ရှင်များအသင်းတို့သည် အခြားအကြောင်းအရာကဏ္ဍများမှ ထိုသို့သောအဖွဲ့များဖြစ်သော်လည်း၊ ၎င်းအဖွဲ့များတွင် လူမှုအသိုင်းအဝိုင်းများမှ လုံခြုံရေး ဆိုင်ရာစိုးရိမ်မှုများကို ပူးပေါင်းဖော်ထုတ်နိုင်ပြီး ၊ စနစ်တကျဖွဲ့စည်းထားသော အဖွဲ့အစည်းများဖြစ်သည်။ ထို့ပြင်၎င်းတို့သည် အစိုးရအဖွဲ့နှင့် ထိတွေ့ဆောင်ရွက်ရာတွင် လူထုမှစုပေါင်းလုပ်ဆောင်နိုင်ရန် ဆွေးနွေးပွဲများပြုလုပ်ပေးသောကြောင့် အစိုးရအဖွဲ့မှ မြို့နေလူထုများနှင့် ပိုမိုလွယ်ကူစွာ တိုက်ရိုက်ညှိနှိုင်းလုပ်ဆောင်နိုင်သည်။

## အထောက်အထားအခြေပြုစနစ်ကို ဖွံ့ဖြိုးစေခြင်း

မြို့နယ်များတွင် ၊ အဓိကအာဏာပိုင်အများစုသည် မြို့နယ်လုံခြုံစိတ်ချရရေးနှင့် လုံခြုံရေးပြဿနာများကို ဖြေရှင်းရန် သက်သေများကို ပိုမိုကောင်းမွန်စွာအသုံးပြုနိုင်သည့် အခွင့်အလမ်းရှိသည်။ ရုံးဌာနများအကြား ဆက်သွယ်ပြောဆိုဆွေးနွေးသည့် အကြောင်းအရာများသည် ပိုမိုအားကောင်းခိုင်မာသည့် စုစည်းထားသော သက်သေအခြေတစ်ခုရရှိရန် ပိုမိုလွယ်ကူစေသည်။ အားနည်းသော သက်သေအခြေတစ်ခုတွင်၊ မျှဝေထားသည့် သတင်းအချက်အလက်များ ပြတ်လပ်နေပြီး ပြည်သူ့ဝန်ထမ်းနှင့် အသိုင်းအဝိုင်းအဖွဲ့အစည်း၏ အတွေးအမြင် အကြားတွင် ကွာဟမှုများဖြစ်စေကာ၊ ၎င်းအချက်များသည် စုပေါင်း၍ ပြဿနာကို ခွဲခြမ်းစိတ်ဖြာ အဖြေရှာရာ၌ စွမ်းဆောင်ရည်လျော့နည်းစေသည်။ မျှဝေထားသော သက်သေအခြေတစ်ခုကို တည်ထောင်ပြီး အချက်အလက်များကို အခြေခံကာ ဆုံးဖြတ်ချက်ပြုလုပ်သည့် စနစ်များကို အသုံးပြုခြင်းကြောင့်၊ အချက်အလက်ကို အသုံးပြုရသူများနှင့် စုဆောင်းပေးရသူများအကြားတွင် လုပ်ငန်းဆိုင်ရာအရ ပိုမိုရင်းနှီးလာပြီး၊ အုပ်ချုပ်ရေးတွင် ဆုံးဖြတ်ဆောင်ရွက်ရသူများအကြား ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်မှုကို တိုးတက်အဆင့်မြင့်စေနိုင်မည်ဖြစ်သည်။

# နိုင်ငံတကာအတွေ့အကြုံမှ သင်ခန်းစာများ

မြို့ပြလုံခြုံရေးကို တိုးတက်အဆင့်မြှင့်ရန်မှာ တစ်ကမ္ဘာလုံးအတွက် စိန်ခေါ်မှုပြဿနာဖြစ်ပြီး၊ မြန်မာနိုင်ငံသည် နိုင်ငံတကာအတွေ့အကြုံများမှ အကောင်း၊အဆိုးများကို လေ့လာနိုင်သည်။ မြို့ပြလုံခြုံရေးသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး၊ ၎င်းကို ရရှိရန် သက်ဆိုင်ရာ အုပ်ချုပ်ရေးရုံးဌာန ဖွဲ့စည်းပုံများနှင့် လူမှုအသိုင်းအဝိုင်းများအကြားတွင် ခိုင်မာသော လုပ်ငန်းဆိုင်ရာ ဆက်ဆံမှုတစ်ခုရှိရန် လိုအပ်သည်ဟူသောအချက်ကို ပိုမိုလက်ခံလာကြပြီဖြစ်သည်။

တစ်ကမ္ဘာလုံးအနေဖြင့်၊ လုံခြုံရေးသည် ရေရှည်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ရှေ့ဦးအခြေအနေဖြစ်သည်သာမက၊ ၎င်းကို စောင့်ကြည့်ထိန်းချုပ်ခြင်း (သို့) လိုက်နာဆောင်ရွက်စေခြင်း တစ်ခုတည်းဖြင့်သာ မရရှိနိုင်ကြောင်းကိုပါ ထင်ရှားစွာတွေ့ရသည်။ စောင့်ကြည့်ထိန်းချုပ်ခြင်း မဟာဗျူဟာများနှင့် အခြားပြင်းထန်သော လုံခြုံရေးအထူးပြုမူဝါဒများကို အလွန်အမင်းအားကိုးလျှင် လူမှုအသိုင်းအဝိုင်းများလုံခြုံရေးကို အဆင့်မြင့်တိုးတက်မှုမဖြစ်စေပဲ၊ ရာဇဝတ်မှုပြဿနာများကို နေရာပြောင်းရွှေ့စေခြင်းသာဖြစ်စေပြီး တခါတရံတွင် ပို၍ပင်အခြေအနေဆိုးစေသည်။

တစ်ကမ္ဘာလုံးမှ အတွေ့အကြုံများကို သုံးသပ်ချက်အရ၊ မြို့နေလူထုမှခံစားရသော မြို့ပြလုံခြုံရေးအခြေအနေကို လွှမ်းမိုးသည့် အဓိကအချက် လေးခုရှိကြောင်း တွေ့ရသည်။

- လူမှုရေးပေါင်းစည်းညီညွတ်မှုအဆင့် - ပုဂ္ဂလိက၊ မိသားစု၊ လုပ်ငန်းခွင်နှင့် အိမ်နီးချင်းတို့နှင့် ပြုလုပ်သော ဆက်ဆံရေးကွန်ယက်၏ ခိုင်ခံ့မှု
- မြို့ပြဆိုင်ရာ မညီမျှမှုအတိုင်းအတာ - လူမှုအသိုင်းအဝိုင်းအဖွဲ့များနှင့် အိမ်နီးချင်းများအကြား ခြားနားကွာဟမှုဖြစ်လျှင်လည်း ရာဇဝတ်မှုပမာဏအပေါ် လွှမ်းမိုးမှုရှိသည့် စိတ်အလိုမကျမှုများဖြစ်စေနိုင်သည်။
- တည်ဆောက်ပြီးသားပတ်ဝန်းကျင်ရှိ အန္တရာယ်များ - လမ်းမီးများမလုံလောက်ခြင်း၊ အများပြည်သူဆိုင်ရာနေရာကို ဖျက်ဆီးခြင်းနှင့် အခြားသောလက္ခဏာရပ်များရှိသည့် အန္တရာယ်များသော ပတ်ဝန်းကျင်သည်၊ ရာဇဝတ်ဖြစ်မှုကို မြင့်မားစေနိုင်သည်။
- မြို့ပြအုပ်ချုပ်ရေးတွင် အလုံးစုံလွှမ်းခြုံပါဝင်ခြင်း - မြို့တစ်ခုကို နိုင်ငံရေးအရ စီမံခန့်ခွဲသည့် အတိုင်းအတာတွင် မတူညီသောမဲဆန္ဒနယ်များမှ ကွဲပြားသောအမြင်ရှိသည့် လုပ်ဆောင်သူများပါဝင်မည် ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ အတွေ့အကြုံများအရ၊ မူဝါဒချမှတ်သူများ၊ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ် လုပ်ဆောင်သူများ နှင့် အခြားသူများမှ မြို့ပြလုံခြုံရေးပြဿနာများကို ရှုထောင့်သစ်များမှ စဉ်းစားလျှင် မြန်မာနိုင်ငံ၏ မြို့ပြလုံခြုံရေးကိုအဆင့်မြှင့်တိုးတက်စေရန် လုပ်ဆောင်ရာတွင် လမ်းကြောင်းသစ်များ ရရှိလာမည်ဖြစ်သည်။ ၎င်းတို့တွင်-

- **စနစ်များကို ခွဲခြမ်းစိတ်ဖြာခြင်း** - မြို့ပြများသည် အချင်းချင်း အပြန်အလှန် ပက်သက်ဆက်နွယ်နေသော၊ အလိုက်သင့်ပြောင်းလဲနိုင်သည့် အချက်အလက်များ၊ ရလဒ်များ၊ ပြဿနာများကို စုစည်းချည်နှောင်ထားသော ဖြစ်စဉ်များဖြစ်သည်။ ပြဿနာများကို သင့်တော်စွာဖြေရှင်းနိုင်ရန်၊ မတူညီသောအကြောင်းရင်းများမှ မည်သို့ ပက်သက်ဆက်နွယ်မှုရှိသည်ကို သာမက၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးတို့သည် ကိစ္စတစ်ခုလုံးအနေဖြင့် မည်သို့ပက်သက်မှုရှိသည်ကိုပါ စနစ်အခြေခံ၍ ချဉ်းကပ်ဆောင်ရွက်ရန်လိုအပ်သည်။
- **အလိုက်သင့်ပြောင်းလဲနိုင်ခြင်း** - မြို့တစ်ခုသည် စနစ်များကိုစုစည်းထားသော အစုအဖွဲ့တစ်ခု ဖြစ်ကြောင်းကို နားလည်သွားသည်နှင့် တပြိုင်နက်၊ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ် လုပ်ဆောင်သူများသည် အလိုက်သင့်ပြောင်းလဲနိုင်ရန် လေ့လာဆုံးဖြတ်တည်ဆောက်နိုင်ပေသည်။ အလိုက်သင့်ပြောင်းလဲနိုင်သော စနစ်တစ်ခုသည် တားဆီးခြင်းနှင့် လိုက်ပါပြောင်းလဲရခြင်းတို့ကြောင့်ဖြစ်ပေါ်လာသော ထိခိုက်မှုများကို လျှော့ချပေးနိုင်သည်။ ကောင်းမွန်စွာရေးဆွဲထားသောစနစ်တစ်ခုသည် ပြုပြင်ပြောင်းလဲသောကြောင့် ထိခိုက်နှောင့်နှေးမှု တစ်ခုဖြစ်ပြီးတိုင်းတွင် ပိုမိုကောင်းမွန်လာပြီး၊ မြို့ပြလုံခြုံမှုဆိုင်ရာကိစ္စများတွင်မှ အလိုက်သင့်ပြောင်းလဲနိုင်သော စနစ်တစ်ခုသည် ရာဇဝတ်မှုတစ်ခု (သို့) ထိခိုက်မှုတစ်ခုဖြစ်လေ ပို၍လုံခြုံစိတ်ချရလေဖြစ်သည်။
- **မြို့ပြလုံခြုံရေးကို ပူးပေါင်းဖန်တီးခြင်း** - ဤစာတမ်းအကျဉ်းတစ်ခုလုံးတွင် အကြိမ်ကြိမ်ရေးသားလာသကဲ့သို့ပင်၊ မြို့တစ်မြို့၏ မြို့ပြလုံခြုံရေးကို အဆင့်မြှင့်ရန်၊ လွှမ်းမိုးမှုရှိပြီး အဓိကလုပ်ဆောင်နိုင်သူ အားလုံးမှ တက်ကြွစွာဖြင့် စဉ်ဆက်မပြတ်ပါဝင်ရန် အရေးကြီးသည်။ ပိုမို၍ပါဝင်လုပ်ဆောင်လာကြသည်နှင့်အမျှ ဒေသတွင်းကိစ္စရပ် လုပ်ဆောင်သူများသည် လုပ်ငန်း မလုပ်ဆောင်သော "အကျိုးခံစားသူများ" မဟုတ်တော့ဘဲ "ပြောင်းလဲမှုပြုလုပ်သော ကိစ္စရပ် လုပ်ဆောင်သူများ" ဖြစ်လာပေမည်။

သုတေသနပြုချက်အရ၊ ကောင်းမွန်သောအုပ်ချုပ်မှုနှင့် လုံခြုံသောမြို့များသည် အပြန်အလှန်သဘောတရားပင်ဖြစ်သည်- နိုင်ငံသားများနှင့် ရပ်ကွက်များတွင် လုံခြုံမှုအဆင့်မြှင့်ပြီးနောက်၊ မြို့တွင်းနေထိုင်သူများမှ ကြောက်ရွံ့နေရသောကိစ္စများမရှိလျှင် လူများ၊ အဖွဲ့များနှင့် လူထုရုံးဌာနများအကြား ထိတွေ့ဆက်ဆံပြီး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖြစ်ပေါ်လာနိုင်သည်။ ထိတွေ့ဆက်ဆံမှုအဆင့် အမျိုးမျိုးဖြစ်ပေါ်လာနိုင်သည်။ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များအလိုက် စိတ်ပိုင်းဆိုင်ရာအရ အကောင်အထည်ဖော်နိုင်လျှင်၊ ၎င်းထိတွေ့ဆက်ဆံမှုအားလုံးမှ ပါဝင်ဆောင်ရွက်ခြင်းနှင့် အရပ်ဘက်တာဝန်များကို မျှဝေခွဲယူသည့် စိတ်ဓာတ်များ ဖြစ်ပေါ်လာစေမည်ဖြစ်သည်။

အဆုံးတွင်မူ၊ ပို၍လုံခြုံစိတ်ချရသော မြို့များဖော်ဆောင်ရာတွင် အလုံးစုံလွှမ်းခြုံနိုင်မှုရှိစေရန် ကြိုးပမ်းရမည်ဟူသောအချက်သည် အရေးကြီးကြောင်းကို နိုင်ငံတကာအတွေ့အကြုံများမှ ဖော်ပြပြီးဖြစ်သည်။ ထိရောက်သော မြို့ပြလုံခြုံရေးဆောင်ရွက်မှုများပြုလုပ်ရန်၊ မြန်မာ့ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်လုပ်ဆောင်သူများမှ အောက်ပါအချက်များသည် မြို့ပြတိုးတက်ရေးအတွက် အရေးကြီးသည်ကို အသိအမှတ်ပြုရန်လိုအပ်သည်။

- **အိမ်နီးချင်းများ** - အိမ်နီးချင်းများသည် အပြန်အလှန် သည်းခံကူညီမှုများကို ဖြစ်ပေါ်စေနိုင်သော တည်ရှိမှုအထောက်အထားနေရာများဖြစ်ပြီး ပို၍လုံခြုံစိတ်ချရသော မြို့များဖော်ဆောင်ရန် ကူညီပေးနိုင်သည်။
- **လူမှုအသိုင်းအဝိုင်း ပိုင်ဆိုင်မှု** - ဒေသတွင်း လုံခြုံရေးနှင့် လုံခြုံရေးဆိုင်ရာ အဖြေအနေများသည် လူမှုအသိုင်းအဝိုင်းများမှ အများပြည်သူဆိုင်ရာနေရာများနှင့် ဝန်ဆောင်မှုအခြေခံအဆောက်အအုံများကို ရေရှည်ပိုင်ဆိုင်နိုင်မှုအပေါ်တွင် အလွန်မူတည်သည်။
- **မူလအကြောင်းရင်းများ** - လုံခြုံရေးနှင့် ရာဇဝတ်မှုတားဆီးကာကွယ်ရေး မဟာဗျူဟာများ၊ မူဝါဒများနှင့် အစီအစဉ်များကို မူလအကြောင်းရင်းများနှင့်ပက်သက်သည့် ကျယ်ပြန့်သောစည်းမျဉ်းဆိုင်ရာ အခြေခံအသိပညာ၊ အတတ်ပညာ ပေါ်တွင်အခြေခံသင့်သည်။
- **ကိစ္စတစ်ခုတည်းအနေဖြင့် ချဉ်းကပ်ခြင်း** - လုံခြုံရေးအဆင့်မြှင့်ရန်ပြုလုပ်သော ကနဦးဆောင်ရွက်ချက်များသည် ဒေသတွင်းအစိုးရ၏ တရားစီရင်ရေးနယ်နိမိတ်တစ်ခုလုံး တွင်ဖြစ်ပွားသော ရာဇဝတ်မှုများ၊ အကြမ်းဖက်မှုများနှင့် လုံခြုံစိတ်ချရမှုမရှိသည်များကို တစ်မြို့လုံးအနေဖြင့် ချဉ်းကပ်ရမည်ဖြစ်သည်။

## မြို့ပြဘေးကင်းလုံခြုံရေး ပူးပေါင်းဖန်တီးခြင်း


မြို့ပြလုံခြုံရေးကို အောင်မြင်စွာ အဆင့်မြှင့်နိုင်ခဲ့ကြသော မြို့များတွင်၊ မတူညီသော အစိုးရရုံးဌာနများနှင့် အထွေထွေလူထုတို့မှ စဉ်ဆက်မပြတ်တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်းသည် အဓိကအချက်ဖြစ်ကြောင်း တွေ့ရှိရသည်။ ပါဝင်လုပ်ဆောင်မှုတိုးတက်လာသည်နှင့် အမျှ၊ အချိတ်အဆက်အနေဖြင့် ဒေသတွင်းကိစ္စရပ် လုပ်ဆောင်သူများသည် လုပ်ငန်းမလုပ်ဆောင်သော "အကျိုးခံစားသူများ" မဟုတ်တော့ဘဲ "ပြောင်းလဲမှုပြုလုပ်သော ကိစ္စရပ် လုပ်ဆောင်သူများ" ဖြစ်လာပေမည်။

ထိတွေ့ဆက်ဆံမှုအဆင့် အမျိုးမျိုးဖြစ်ပေါ်လာနိုင်သည်။ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များအလိုက် စိတ်ပိုင်းဆိုင်ရာအရ အကောင်အထည်ဖော်နိုင်လျှင်၊ ၎င်းထိတွေ့ဆက်ဆံမှုအားလုံးမှ ပါဝင်ဆောင်ရွက်ခြင်းနှင့် အရပ်ဘက်တာဝန်များကို မျှဝေခွဲယူသည့် စိတ်ဓာတ်များ ဖြစ်ပေါ်လာစေမည်ဖြစ်သည်။ ထို့အပြင်၊ အချက်အလက်စုဆောင်းခြင်း၊ အချက်အလက်ခွဲခြမ်းစိတ်ဖြာခြင်း၊ ပြဿနာများကို ဖော်ထုတ်ခြင်း၊ ဦးစားပေးအဆင့်သတ်မှတ်ခြင်း၊ စီမံချက်ချခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ချိန်ညှိမှုများ ပြုလုပ်ခြင်းဟူသော စီမံကိန်း၏ အဆင့်များအားလုံးတွင် အဆိုပါ ထိတွေ့ဆက်ဆံမှုအားလုံးကို အသုံးချနိုင်သည်။

### အသိပေးခြင်း


**အကျိုးကျေးဇူးများ-** သတင်းအချက်အလက်ကို ရှင်းရှင်းလင်းဖြစ်စေခြင်း (သို့) တည်ဆောက်ထားပြီးသော ပုံကြမ်းပေါ်တွင် အခြေခံသော အခါ ဆက်သွယ်ပြောဆိုခြင်းကို လျှင်မြန်ရှင်းလင်းစေခြင်း။
**ဥပမာ-** လမ်းပြုပြင်ခြင်းအချိန်ဇယား- ဘယ်အချိန်မှာ လမ်းကိုအဆင့်မြှင့်မလဲ။ ဘာတွေဖြစ်လာမလဲ။ ဘယ်အချိန်ပြီးမလဲ၊
ဌာနအချင်းချင်းကြားမေးခွန်းများ - ဒီစီမံကိန်းက မြို့ရဲ့အခြားစီမံကိန်းတွေနဲ့ အချိန်ဇယားအပေါ် ဘယ်လိုအကျိုးသက်ရောက်မှုရှိမလဲ။

## အသိပေးခြင်း




မျှတပြီး ဓမ္မဓိဋ္ဌာန်ကျသော တုံ့ပြန်မှုကို အချိန်မီပေးခြင်း

## ဆွေးနွေးခြင်း




သတင်းအချက်အလက် ခွဲခြမ်းစိတ်ဖြာမှုပြဿနာများနှင့် ဆုံးဖြတ်ချက်များအပေါ် တုံ့ပြန်မှုရယူခြင်း

## ပါဝင်ခြင်း




စိုးရိမ်ပူပန်မှုများနှင့် ဆန္ဒများကို ထည့်သွင်းစဉ်းစားမိစေရန် လူထုနှင့် ဆောင်ရွက်ခြင်း

## ပူးပေါင်းလုပ်ဆောင်ခြင်း



ဆုံးဖြတ်ချက်ချသည့် ကဏ္ဍတစ်ခုစီတွင် လူထုနှင့်တွဲဖက်လုပ်ဆောင်ခြင်း

## လုပ်ပိုင်ခွင့်အာဏာပေးခြင်း



နောက်ဆုံး ဆုံးဖြတ်ချက်ချနိုင်သည့် အာဏာကို ပြည်သူ့လက်တွင်းသို့ အပ်နှင်းခြင်း

## ဆွေးနွေးခြင်း

**အကျိုးကျေးဇူးများ-** အဓိကလုပ်ဆောင်သူများထံမှ လျှင်မြန်စွာသတင်း အချက်အလက် ပေးခြင်းကြောင့် အခြားဌာနများနှင့် လူထုမှ စီမံကိန်းတွင် ပိုမိုလွယ်ကူစွာ ပါဝင်လာနိုင်ခြင်း။
**ဥပမာ -** လမ်းပြဿနာများ- ဘယ်နေရာမှာ ချိုင့်တွေရှိနေလဲ။ ဘယ်နေရာမှာ ယာဉ်ကြောဆိုးလဲ။ ဘယ်နေရာတွေက လမ်းသွား လမ်းလာတွေအတွက် အန္တရာယ်များလဲ။
**ဌာနအချင်းချင်းကြားမေးခွန်းများ -** အခြားဘယ်ဌာနတွေမှာ လမ်းစီမံကိန်းအပေါ် အကျိုးသက်ရောက်မှုရှိပြီး အသုံးဝင်တဲ့ သတင်းအချက်အလက်ရှိနိုင်မလဲ။ ဒီလမ်းပေါ်မှာ အခြားဘာစီမံကိန်းတွေများ စီစဉ်ထားသေးလဲ။

## ပါဝင်ခြင်း

**အကျိုးကျေးဇူးများ -** အောင်မြင်နိုင်မည့်မဟာဗျူဟာများကို ဖော်ထုတ်ပြီး ဦးစားပေးရမည့် လုပ်ဆောင်ချက်များကိုသတ်မှတ်ခြင်း။ အဓိကဆုံးဖြတ်ချက်ချနိုင်ရန် ဒေသတွင်း အသိပညာ၊ အတတ်ပညာများကို စုစည်းခြင်း။
**ဥပမာ -** သာမန် ဒီဇိုင်းပုံစံ (သို့) အင်ဂျင်နီယာလုပ်ငန်းစဉ်။ လမ်းများအဆင့်မြှင့်ရာတွင် ဝိုင်းဝန်းကူညီရန် အိမ်နီးချင်းအုပ်စုများဖွဲ့ထားသည်။ ဘယ်နေရာတွေမှာ ဘေးလျှောက်လမ်းလိုလဲ။ ဘယ်နေရာမှာ ယာဉ်လမ်းညွှန်တွေ၊ မီးပွိုင့်တွေ တပ်ရင် အဆင်ပြေမလဲ။ ဘယ်နေရာတွေမှာ လမ်းဘေးဈေးသည်တွေ မနက်ပိုင်း ဈေးရောင်းတာလဲ။ ဒီဇိုင်းအဖွဲ့က ဘယ်အချက်တွေထည့်စဉ်းစားရဦးမလဲ။ အင်ဂျင်နီယာအသင်းနဲ့ ဒေသတွင်း အစိုးရအဖွဲ့မှ နောက်ဆုံးဆုံးဖြတ်ချက်များချမှတ်ခြင်း။
**ဌာနအချင်းချင်းကြားမေးခွန်းများ -** ထပ်နေတဲ့စီမံကိန်းတွေအတွက် နှစ်ဦးနှစ်ဖက် အကျိုးရှိအောင် အချိန်ဇယားကို ဘယ်လိုချိန်ညှိမလဲ။

## ပူးပေါင်းလုပ်ဆောင်ခြင်း

**အကျိုးကျေးဇူးများ -** စီမံကိန်းများကို ရေးဆွဲခြင်းနှင့်/သို့ အကောင်အထည်ဖော်ရာတွင် အဓိကလုပ်ဆောင်သူများနှင့် အခြားအစိုးရရုံး ဌာနများကို အသိအမှတ်ပြုခြင်း။ လုပ်ငန်းများကို အဓိကလုပ်ဆောင်သူအဖွဲ့များနှင့် အခြားရုံးဌာနများမှ ခွဲဝေလုပ်ဆောင်နိုင်သည်။
**ဥပမာ -** ဌာနအချင်းချင်းကြားမေးခွန်းများ - ကူးသန်းသွားလာရေး အခြေခံအဆောက်အအုံအသစ်မှ ပြဿနာပေါ်ပေါက်သောကြောင့် လမ်းဒီဇိုင်းအသစ်ဆွဲရခြင်း- လမ်း၊တံတား၊ မြေယာစီမံခန့်ခွဲရေး၊ သယ်ယူပို့ဆောင်ရေးအာဏာပိုင်၊ မြို့ပြစီမံကိန်းဌာနများနှင့် PCCD တို့မှ တူညီသော ဦးတည်ချက်၊ ဒီဇိုင်း၊ ဘဏ္ဍာငွေနှင့် အချိန်ပမာဏ သတ်မှတ်နိုင်ရန် ပူးပေါင်းဆောင်ရွက်ကြခြင်း။

## လုပ်ပိုင်ခွင့်အာဏာပေးခြင်း

**အကျိုးကျေးဇူးများ-**အချို့သောဆုံးဖြတ်ချက်များကို ဗဟိုထိန်းချုပ်မှုမရှိပဲ ချမှတ်နိုင်ခြင်း။ လုပ်ငန်းများကို လူမှုအသိုင်းအဝိုင်းအဖွဲ့များမှ လုပ်ဆောင်နိုင်ခြင်းကြောင့် အစိုးရအဖွဲ့၏ အလုပ်ပမာဏလျော့ကျခြင်း။
**ဥပမာ -** အစိမ်းရောင်လမ်း(Green Streets) များ ပြုလုပ်ရန် မိုးရေစီးဆင်းသွားမည့်အပေါက်များပါဝင်သောမြေနေရာကို အကောင်အထည်ဖော်ရန် စီမံကိန်းချခြင်း- ဒေသတွင်း အစိုးရမှ ချမှတ်ထားသော လမ်းညွှန်ချက်များကို လိုက်နာ၍ အိမ်နီးချင်းအုပ်စုများမှ မိုးရေစီးဆင်းသွားမည့်အပေါက်များကို တပ်ဆင်ထိန်းသိမ်းရန်တာဝန်ယူသည်။

# နိဂုံး

အထက်ပါသင်ခန်းစာများအရ၊ မြို့ပြလုံခြုံရေးရရှိရန် ဆောင်ရွက်ရာတွင် ရာဇဝတ်မှုပြဿနာများကို ဖြေရှင်းရန် သမရိုးကျ လုံခြုံရေး ကိစ္စဆောင်ရွက်သူများကိုသာ အားကိုးခြင်းမပြုပဲ၊ ကျယ်ကျယ်ပြန့်ပြန့်ချဉ်းကပ်လျှင်၊ ဒေသတွင်းအုပ်ချုပ်ရေးကိစ္စများ ဆောင်ရွက်ရသောအဓိကပုဂ္ဂိုလ်များမှ အခြားနယ်ပယ်များတွင်အသုံးပြုခဲ့သော ရာဇဝတ်မှုကာကွယ်တားဆီးရေးနည်းပညာများကို သိရှိလာနိုင်မည်ဖြစ်သည်။ ရာဇဝတ်မှုလျော့ချရာတွင် လူထုကိုပိုမိုပူးပေါင်းပါဝင်စေရန် ကြိုးပမ်းခြင်းနှင့် ပြဿနာဖြေရှင်းသည့် ချဉ်းကပ်မှုကို အလေးထားသည့် ခြေလှမ်းသစ်များဆောင်ရွက်ခြင်းတို့သည်သာ ပိုမိုအောင်မြင်ရန်အခွင့်အလမ်းများပြီး၊ နိုင်ငံတော်အဆင့် လုပ်ငန်းဆောင်တာဆောင်ရွက်သူများနှင့် ပြည်သူများအကြား ဆက်သွယ်ပြောဆိုမှုကို တိုးတက်စေပြီး၊ အစိုးရရုံးဌာနအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုရှိစေရန် ဖန်တီးပေးခြင်းဖြင့် မရေရာမသေချာမှုများနှင့် ပြောင်းလဲမှုများရှိသည့် ပြဿနာများနှင့် လိုက်လျောညီထွေရှိသည့် ရာဇဝတ်မှုကာကွယ်တားဆီးရေးနည်းလမ်းများကို ကျင့်သုံးနိုင်မည်ဖြစ်သည်။

ရာဇဝတ်မှုကာကွယ်တားဆီးရေး ပြဿနာများအပြင်၊ မြန်မာ့မြို့ပြဒေသများမှ ဆက်လက်ကြီးထွားလာသည်နှင့်အမျှ၊ လုံခြုံရေး ပြဿနာများသည် ပိုမိုဖိအားများ၍ ရှုပ်ထွေးလာမည်ဖြစ်သည်။ ထို့ကြောင့် လူမှုအသိုင်းအဝိုင်းနှင့် ဒေသတွင်းအစိုးရအဖွဲ့မှ အဓိက လုပ်ဆောင်ရသူများပါ မြို့နေလူထု၏ စိုးရိမ်ပူပန်မှုများကို ပူးပေါင်းဖြေရှင်းကာ၊ လူထုအားလုံးအတွက် မြန်မာနိုင်ငံ၏မြို့များတွင်လုံခြုံမှု ရှိစေရန်၊ လိုအပ်သော ရင်းမြစ်များနှင့် ရုံးဌာနအဖွဲ့အစည်းများကို စုစည်းဆောင်ရွက်ရမည်ဖြစ်သည်။ ဤမူဝါဒစာတမ်းငယ်တစ်ခုလုံးတွင် ဖော်ပြထားခဲ့သည့်အတိုင်း၊ နိုင်ငံတကာအတွေ့အကြုံနှင့် မြန်မာနိုင်ငံရှိမြို့နေလူထု၏ စိုးရိမ်ပူပန်မှုများအရ ပိုမိုကောင်းမွန်သော မြို့ပြလုံခြုံရေးရရှိရန် တည်ဆောက်ရာတွင်၊ အဓိကထောက်တိုင်များအဖြစ် ခေါင်းစဉ်ကြီးသုံးခုပေါ်တွင် အခြေခံလုပ်ဆောင် သင့်ကြောင်းတွေ့ရသည်။

ပထမဦးဆုံးအနေဖြင့်၊ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်သူများမှ ဒေသတွင်းလုံခြုံရေးပြဿနာများ၏ ရှုပ်ထွေးသော အကြောင်းတရားများနှင့် အကျိုးဆက်များကို ဖြေရှင်းနိုင်ရန် ရုံးဌာနများအကြားပူးပေါင်းဆောင်ရွက်မှု ရှိရမည်ဖြစ်သည်။ ပြဿနာအများစုကို ရုံးဌာနတစ်ခုတည်းမှ မဖြေရှင်းနိုင်ပေ။ မတူညီသော အစိုးရရုံးဌာနခွဲများမှ ပူးပေါင်းလုပ်ဆောင်ကြရာတွင် အနည်းဆုံးအနေဖြင့်၊ အထွေထွေစီမံခန့်ခွဲမှုဌာန၊ မြူနီစပယ်အာဏာပိုင်များ၊ ရဲတပ်ဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကျန်းမာရေးနှင့် ပညာရေး ဌာနများကဲ့သို့သော အခြားဌာနများပါဝင်သင့်သည်။ အချို့ဒေသများ (သို့) ပြဿနာများအတွက်မူ အခြားရုံးဌာနများကို ထပ်မံ ထည့်သွင်းရမည်ဖြစ်သည်။ ထိုသို့ပူးပေါင်းဆောင်ရွက်မှုကြောင့်၊ အရပ်ဘက်ထိန်းချုပ်မှုအောက်တွင် မြူနီစပယ်ရုံးဌာနများအကြား ဆက်ဆံရေးအခြေအနေကိုသာမက၊ ပို၍သမာရိုးကျဆန်သော လုံခြုံရေးနှင့် ဆက်စပ်သည့် ကိစ္စများလုပ်ဆောင်သူတို့အကြားရှိ ဆက်ဆံရေးကိုပါ တိုးတက်စေသည်။

ဒုတိယခေါင်းစဉ်မှာ၊ ရပ်ကွက်၊ မြို့နယ် နှင့် မြူနီစပယ်အဆင့်များတွင် လူထုပါဝင်ဆောင်ရွက်မှုကို တိုးချဲ့ရမည်။ အကြောင်းမှာ ၎င်းအချက်သည် မြို့ပြနေရာများအတွင်းရှိ လုံခြုံရေးပြဿနာများကို နားလည်ရန်သာမက၊ ကနဦးခြေလှမ်းများအောင်မြင်စေရန် လူထုမှ လက်ခံနားလည်စေရန်အတွက်ပါ အရေးကြီးသောကြောင့်ဖြစ်သည်။ လူထုထောက်ခံမှုမရှိလျှင်၊ မူဝါဒအသစ်များမှ ရည်မှန်းထားသောရလဒ်ကို မရရှိနိုင်ပေ။ ပို၍အခြေခံကျသောအချက်မှာ၊ လူထုပါဝင်ဆောင်ရွက်မှုရှိမှသာ၊ အစိုးရအဖွဲ့၏ လုံခြုံရေးနှင့် စိတ်ချရမှုဆိုင်ရာ ကနဦးခြေလှမ်းများသည် လူထု၏ ဦးစားပေးအစီအစဉ်များနှင့် ကိုက်ညီမှုရမည်ဖြစ်သည်။

နောက်ဆုံးအနေဖြင့်၊ ယခင်အချက်နှစ်ခုကို စုစည်းဆက်စပ်ပေးသည့်၊ မတူညီသော အစိုးရရုံးဌာနများနှင့် လူထုများကို ပေါင်းစည်းစေသော ပြဿနာကိုပူးပေါင်းဖြေရှင်းခြင်း နည်းလမ်းဖြစ်သည်။ ပြဿနာကို ပူးပေါင်းဖြေရှင်းခြင်းသည် အပြန်အလှန်ယုံကြည်မှု၊ နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို တည်ဆောက်နိုင်ရန် အမြင်များကိုမျှဝေစေပြီး၊ (မြို့ပြလုံခြုံရေးပြဿနာများကို ဖော်ထုတ်ရန်နှင့် ဖြေရှင်းချက်များကို ရရှိဆုံးဖြတ်နိုင်ရန်) သက်သေအခြေပြု မူဝါဒချမှတ်ခြင်းကိုပြုလုပ်ရန်လည်း အားပေးသည်။ ၎င်းသည် ရှုပ်ထွေးသော လုံခြုံရေးပြဿနာများကို လက်ခံပြီး၊ ပြဿနာဖြေရှင်းသည့် မဟာဗျူဟာများ အမြဲတမ်းတိုးတက်နေစေရန်အတွက်၊ စဉ်ဆက်မပြတ် ပြန်လည်သုံးသပ်ခြင်း၊ သင်ယူခြင်းနှင့် လိုက်လျောညီထွေလုပ်ဆောင်ခြင်း များကိုပြုလုပ်စေကာ၊ မူလအကြောင်းရင်းများကို ဖြေရှင်းရန် ကနဦးခြေလှမ်းများကို တည်ဆောက်နိုင်စေသည်။

The Asia Foundation

Improving Lives, Expanding Opportunities